# လက်နက်ကိုင်ပဋိပက္ခများနှင့်
# ကလေးသူငယ်များ



ရေးသားသူ

အောင်မျိုးမင်း
ဒါရိုက်တာ
လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ)

ပုံနှိပ်

လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ)

အုပ်ရေ

၁၀၀၀

စာအုပ်အပြင်အဆင်

mmlwin

ဆက်သွယ်ရန်

Human Rights Education Institute of Burma (HREIB)
G.P.O Box 485 Chiang Mai, 50000 Thailand.
E-mail : hreburma@loxinfo.co.th

www.hreib.com, www.hreib.net

CS-book_outline.indd 2 5/21/2010 11:13:54 AM

# အမှာစာ

မြန်မာနိုင်ငံနှင့် လက်နက်ကိုင်ပဋိပက္ခဆိုသည်မှာ နှစ်ပေါင်းများစွာကထည်းက အတူယှဉ်တွဲနေသောအရာပင်ဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများ၏ ဆိုးကျိုးကြောင့် အပြစ်မဲ့ပြည်သူတို့ အတိဒုက္ခရောက်ခဲ့ရသည်။ အထူးသဖြင့် အမျိုးသမီးနှင့် ကလေးငယ်တို့မှာ လက်နက်ကိုင်ပဋိပက္ခများအတွင်းတွင် ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများ၏ဒဏ်ကို ဆိုးဆိုးဝါးဝါးခံစားကြရရှာသည်။

လက်နက်ကိုင်ပဋိပက္ခများအတွင်းရှိ ကလေးငယ်များအပေါ် အကြမ်းဖက်မှုများမှာ ဆိုးဝါးလှသည့်အတွက် ထိုကလေးများကိုကာကွယ်ကူညီမှုပေးရန် ကြိုးပမ်းဆောင်ရွက်မှုများကို နိုင်ငံတကာက လုပ်ဆောင်လာခဲ့ကြသည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ လုံခြုံရေးကောင်စီတွင် လက်နက်ကိုင်ပဋိပက္ခများအတွင်းရှိ ကလေးများအရေးနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်များချမှတ်၍ ကာကွယ်မှုများကို လုပ်ဆောင်လာခြင်းသည် ထိုကလေးများအတွက် နိုင်ငံတကာ၏ ကြိုးပမ်းဆောင်ရွက်များထဲမှ ထူးခြားသောလုပ်ဆောင်မှုတခုဖြစ်သည်။

လက်နက်ကိုင်ပဋိပက္ခများကြားရှိ ကလေးများ၏ အခွင့်အရေးချိုးဖောက်မှုအပေါ် စောင့်ကြပ်ရေးနှင့် အစီရင်ခံမှုစနစ်ဆိုသည်မှာ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် (၁၆၁၂) အရ ပေါ်ပေါက်လာသော စောင့်ကြပ်ရေးနှင့် အစီရင်ခံရေး လုပ်ငန်းစဉ် (Monitoring and Reporting Mechanism – MRM)တခုဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများအတွင်းရှိ ကလေးများ၏အခွင့်အရေးများအပေါ် ချိုးဖောက်နေသောအစိုးရများနှင့် လက်နက်ကိုင်အဖွဲ့များကို ရှုတ်ချယုံသာမကတော့ဘဲ ထိုချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရန်နှင့်အရေးယူဆောင်ရွက်မှုများလုပ်ဆောင်ရန်အထိ လုပ်ပိုင်ခွင့်ရှိသော စောင့်ကြပ်ရေးနှင့် အစီရင်ခံရေး လုပ်ငန်းစဉ်တခု ပေါ်လာခြင်းသည် ယခုလက်ရှိအချိန်အထိ ကုလ သမဂ္ဂလုံခြုံရေးကောင်စီတွင် အားအကောင်းဆုံးလုပ်ငန်းစဉ်တခု ဖြစ်လာသည်။

ကလေးစစ်သားအမြောက်အများအသုံးပြုမှုနှင့် ထင်ရှားလှသော မြန်မာနိုင်ငံသည် လက်နက်ကိုင်ပဋိပက္ခများအတွင်းရှိ ကလေးများ၏ အခွင့်အရေးချိုးဖောက်မှုအပေါ် စောင့်ကြပ်ရေးနှင့် အစီရင်ခံမှုစနစ်အောက်တွင် စောင့်ကြပ်ခံနေရသော နိုင်ငံတနိုင်ငံဖြစ်သည်။ ကလေးစစ်သားအသုံးပြုမှုအပါအဝင် လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးများ အပေါ်အကြမ်းဖက်စော်ကားမှုများကို လုံခြုံရေးကောင်စီကစုံစမ်း၍ နှစ်စဉ်သုံးသပ်လုပ်

CS-book_outline.indd 3 5/21/2010 11:13:55 AM

ဆောင်နေသည့် အခြေအနေမျိုးတွင်ရှိသည်။

ထိုသို့ အခြေအနေမျိုးရောက်ရှိနေသည့်အတွက် လက်နက်ကိုင်ပဋိပက္ခများ အတွင်းရှိ ကလေးများနှင့်ပတ်သက်၍ လုပ်ဆောင်နေသောသူများနှင့် အဖွဲ့အစည်းများ သည် ထိုလုပ်ငန်းစဉ်အကြောင်း သိရှိနားလည်ရန်လိုအပ်သည်။ လက်နက်ကိုင်ပဋိပက္ခ များအတွင်းရှိ ကလေးများအပေါ် ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်နှင့် ထိုအဖြစ်အပျက် များကိုရပ်တံ့အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှုများကို ဆောင်ရွက်ရန် အထူးလိုအပ် သည်။

ထို့အတွက်ကြောင့် ယခုစာအုပ်ငယ်တွင် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် (၁၆၁၂) အရ ၂၀၀၅ ခုနှစ်တွင် ပေါ်ပေါက်လာသော စောင့်ကြပ်ရေးနှင့် အစီရင်ခံရေးလုပ်ငန်း စဉ်နှင့် ပတ်သက်သည့်အကြောင်းအရာများကို ဖော်ပြထားပါသည်။ ထိုအကြောင်းအရာ များကို နားလည်သဘောပေါက်ခြင်းဖြင့် လက်နက်ကိုင်ပဋိပက္ခများအတွင်းရှိ ကလေးများ အပေါ် အကြမ်းဖက်စော်ကားမှုများ အကြောင်းကို စုံစမ်းဖော်ထုတ်ခြင်း၊ လုပ်ငန်းစဉ်တွင် ပါဝင်လှုံ့ဆော်ခြင်းများကိုပါဝင်လုပ်ဆောင်နိုင်မည်ဟု မျှော်လင့်မိပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီခဲ့သူများအားလုံးနှင့်အတူအကြံဉာဏ် များဝိုင်းဝန်းပေးခဲ့သော လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ)မှ လက်ထောက် ဒါရိုက်တာဖြစ်သူ Mike Paller နှင့် ကလေးအခွင့်အရေးပရိုဂရမ်တာဝန်ခံဖြစ်သူ မပန်စွန် တို့ကိုအထူး ကျေးဇူးတင်ပါသည်။

လက်နက်ကိုင်ပဋိပက္ခများအမြန်ဆုံးချုပ်ငြိမ်း၍ကလေးသူငယ်များအပေါ်အကြမ်း ဖက်စော်ကားမှုများ အမြန်ဆုံးရပ်တံ့နိုင်ကြပါစေ။

အောင်မျိုးမင်း
ဒါရိုက်တာ
လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ)

CS-book_outline.indd 4 5/21/2010 11:13:56 AM

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | လက်နက်ကိုင်ပဋိပက္ခများနှင့် ကလေးသူငယ်များ | ၇ |
| ၂။ | လက်နက်ကိုင်ပဋိပက္ခများအတွင်းရှိကလေးများနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆောင်ရွက်ချက်များ | ၈ |
| ၃။ | ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ်(၁၆၁၂) | ၁၂ |
| ၄။ | မြန်မာနိုင်ငံနှင့် အထွေထွေအတွင်းရေးမှူးချုပ်အစီရင်ခံစာ | ၁၈ |
| ၅။ | လက်နက်ကိုင်ပဋိပက္ခများကြားရှိ ကလေးများ၏အခွင့်အရေး ချိုးဖောက်မှုအပေါ် စောင့်ကြပ်ရေးနှင့် အစီရင်ခံမှုစနစ် | ၂၅ |
| ၆။ | နိုင်ငံတော်အဆင့် စောင့်ကြပ်ရေးနှင့် အစီရင်ခံရေးလုပ်ငန်းအဖွဲ့ | ၂၇ |
| ၇။ | လက်နက်ကိုင်ပဋိပက္ခများကြားရှိ ကလေးများ၏အခွင့်အရေးချိုးဖောက်မှုအပေါ် စောင့်ကြပ်ရေးနှင့် အစီရင်ခံမှုစနစ်ဆိုင်ရာ ဦးဆောင်အဖွဲ့ | ၂၈ |
| ၈။ | အထွေထွေအတွင်းရေးမှူးချုပ်၏ နှစ်စဉ်အစီရင်ခံစာ | ၂၈ |
| ၉။ | လုံခြုံရေးကောင်စီ၏ အလုပ်အဖွဲ့ | ၂၉ |
| ၁၀။ | လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် | ၃၀ |
| ၁၁။ | လက်နက်ကိုင်ပဋိပက္ခများကြားရှိ ကလေးများ၏အခွင့်အရေး ချိုးဖောက်မှုအပေါ် စောင့်ကြပ်ရေးနှင့် အစီရင်ခံမှု စနစ်တည်ရှိနေသော နိုင်ငံများ | ၃၀ |
| ၁၂။ | လုပ်ငန်းစဉ်တွင် အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေပါဝင်နိုင်မှု | ၃၂ |




CS-book_outline.indd 6 5/21/2010 11:13:57 AM

# လက်နက်ကိုင်ပဋိပက္ခများနှင့် ကလေးသူငယ်များ

ကမ္ဘာတဝှမ်းတွင် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခ စစ်ပွဲများကြောင့် ကလေးငယ်သန်းပေါင်း (၂၀) ခန့်သည် သူတို့၏ နေအိမ်များမှ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး အခြားနိုင်ငံများတွင် ဒုက္ခသည်များအဖြစ်ငင်း၊ မိမိတို့တိုင်းပြည်များအတွင်းလှည့်လည်ပုန်းအောင်းနေရသည့် ပြည်တွင်းဒုက္ခသည်များအဖြစ်ငင်း နေထိုင်လျက်ရှိသည်။ လွန်ခဲ့သော ဆယ်နှစ်တာအတွင်း ကလေးငယ်ပေါင်း နှစ်သန်းကျော်သည် လက်နက်ကိုင်ပဋိပက္ခများ၏တိုက်ရိုက်အကျိုးဆက်ကြောင့် သေဆုံးခဲ့ရသည်။ ထိုမျှမက အနည်းဆုံးကလေးပေါင်း ခြောက်သန်းကျော်မှာလည်း အပြင်းအထန်ဒဏ်ရာရရှိခြင်းများ၊ ဒုက္ခိတဘဝရောက်သွားခြင်းများကိုရင်ဆိုင်ခဲ့ကြရသည်။ ထိုလက်နက်ကိုင်ပဋိပက္ခများ၏ ဆိုးကျိုးကြောင့်ပင်ကလေးပေါင်းတသန်းကျော်မှာ မိဘမဲ့များအဖြစ်ကိုရောက်ရှိခဲ့ရသလို မြေမြှုပ်မိုင်းကြောင့်တနှစ်လျှင် ကမ္ဘာပေါ်ရှိကလေးပေါင်း ရှစ်ထောင်မှ တသောင်းအတွင်း သေဆုံးဒဏ်ရာရလျက်ရှိကြ၏။ ထို့ပြင် ကမ္ဘာပေါ်တွင် အသက် (၁၈) ရှစ်အောက်ရှိ အမျိုးသားငယ်များနှင့် အမျိုးသမီးငယ်ပေါင်း သုံးသောင်းခန့်သည် ကလေးစစ်သားများအဖြစ် အစိုးရတပ်များနှင့် အခြားလက်နက်ကိုင်တပ်ဖွဲ့များအတွင်းတွင် စေခိုင်းခံနေရသည်ဟု ယူနီဆက်အဖွဲ့၏ စာရင်းများအရ သိရှိရသည်။

လက်နက်ကိုင်ပဋိပက္ခများကြောင့်ပင် ကလေးငယ်များ၏ ကျန်းမာရေးနှင့် ပညာရေးများနှောင့်နှေးခြင်း၊ ပျက်စီးသွားရခြင်းများလည်းရှိသေးသည်။ ယနေ့ကမ္ဘာတွင် ကျောင်းမတက်ရသောကလေးပေါင်း ၇၂ သန်းရှိသည့်အနက် ၃၇ သန်းသည် လက်နက်ကိုင်ပဋိပက္ခများအတွင်းရှိကလေးငယ်များဖြစ်ကြပြီး ယူနက်စကို၏အစီရင်ခံစာများအရ လွန်ခဲ့သောနှစ်များအတွင်း ကျောင်းများနှင့် ပညာရေးဝန်ထမ်းများအပေါ် တိုက်ခိုက်မှုများ ပိုမိုများပြားလာသည်ကိုလေ့လာရသည်။

လက်နက်ကိုင်စစ်ပွဲများအတွင်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် လိင်စော်ကားခံရခြင်း၊ အကြမ်းဖက်ခံရခြင်း၊ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခံရခြင်းများကို ခံရနိုင်ချေ ပိုမိုများသည်။ အမျိုးသမီးများအပေါ် လိင်စော်ကားခြင်းအား လက်နက်သဖွယ် အသုံးချနေခြင်းများကို လက်နက်ကိုင်ပဋိပက္ခအတွင်းပါဝင်နေသော လက်နက်ကိုင်တပ်ဖွဲ့များမှအသုံးပြုလေ့ရှိကြောင်း အစီရင်ခံစာများအရ လေ့လာတွေ့ရှိရသည်။ ၁၉၉၄ ခုနှစ် ရဝမ်ဒါနိုင်ငံတွင်ဖြစ်ပွားခဲ့သော လူမျိုးတုံးသတ်ဖြတ်မှုအပြီး အသက်မသေဘဲ လွတ်မြောက်လာသော အသက် (၁၂) နှစ်အောက် မိန်းကလေးငယ်အားလုံးနီးပါးသည် လိင်စော်ကား



CS-book_outline.indd 7 5/21/2010 11:13:58 AM

ခြင်းကိုရင်ဆိုင်ခဲ့ ရကြောင်း အစီရင်ခံစာများက ဆိုခဲ့သည်။

လက်နက်ကိုင်ပဋိပက္ခများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော ကလေးများအနေဖြင့် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားမှုများကို တွေ့ကြုံရနိုင်သည်။ မိသားစုဆွေမျိုးများ သတ်ဖြတ်ခံရခြင်း၊ မိသားစုများ ကစင့်ကလျား ကွဲကွာသွားရခြင်း၊ ကြောက်မက်ဖွယ် တိုက်ပွဲများနှင့်ရင်ဆိုင်ရခြင်း၊ လက်နက်ကိုင်တိုက်ပွဲများတွင် ကိုယ်တိုင်ပါဝင်တိုက်ခိုက်ရ ခြင်း၊ ဖမ်းဆီးခံရခြင်း၊ နေရာဒေသသစ်တွင် ဒုက္ခသည်အဖြစ်ရောက်ရှိ အခြေချရခြင်းများကို ရင်ဆိုင်ရအောင် လက်နက်ကိုင်ပဋိပက္ခများက တွန်းပို့ပေးနေလျက်ရှိသည်။

နှစ်ပေါင်းများစွာကြာမြင့်ခဲ့သော မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခများအကြား တိုင်းရင်းသားပြည်သူလူထုသိန်းပေါင်းများစွာ အတိဒုက္ခရောက်ခဲ့ကြရသည်။ လက်နက်ကိုင် ဆန့်ကျင်မှုများကို ထိုးစစ်ဆင်တိုက်ခိုက်မှုတို့ကြောင့် တိုင်းရင်းသားကျေးရွာအမြောက်အများဖျက်ဆီးခံရကာ ပြည်သူများမှာလဲ တိုင်းတပါးသို့ ဒုက္ခသည်အဖြစ်ထွက်ပြေးတိမ်းရှောင်လာခဲ့ရသည်။ ဘက်နှစ်ဖက်တိုက်ခိုက်မှုများအကြား ဆိုးဆိုးဝါးဝါး ဒုက္ခရောက်ကြရသူများမှာ အမျိုးသမီးများနှင့် ကလေးငယ်များပင်ဖြစ်သည်။ တိုက်ရိုက်တိုက်ပွဲများအကြား သေကျေပျက်စီးမှုများသာမက အခြားသောနည်းများဖြင့် ဒုက္ခရောက်နေကြရသော အမျိုးသမီးများနှင့် ကလေးငယ်များမှာ ယခုတိုင်ဆက်လက်ရှိနေဆဲပင်ဖြစ်သည်။

ထို့အတွက်ကြောင့် လက်နက်ကိုင်ပဋိပက္ခများအတွင်းရှိ ကလေးများအား ကာကွယ်စောင့်ရှောက်ရန် နိုင်ငံတကာက အလေးထားဆွေးနွေးတိုင်ပင်မှုများကို လုပ်ဆောင်လာခဲ့ကြပြီး သက်ဆိုင်ရာနိုင်ငံများအနေဖြင့် လိုအပ်သည့် အကောင်အထည်ဖော်ဆောင်ရွက်မှုများလုပ်ဆောင်ရန် ဝိုင်းဝန်းတိုက်တွန်းလုပ်ဆောင်လာခဲ့ကြသည်။

## လက်နက်ကိုင်ပဋိပက္ခများအတွင်းရှိ ကလေးများနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆောင်ရွက်ချက်များ

ထိုသို့သောအဖြစ်များကို လက်နက်ကိုင်ပဋိပက္ခများအတွင်းရှိ ကလေးများ ရင်ဆိုင်ကြုံတွေ့ရသောကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် လက်နက်ကိုင် ပဋိပက္ခများအတွင်းရှိ ကလေးများအရေးကို ကိုင်တွယ်ဖြေရှင်းရန် စတင်လုပ်ဆောင်လာသည်။ လက်နက်ကိုင်ပဋိပက္ခများအတွင်းရှိ ကလေးများနှင့် ပတ်သက်၍ ကုလသမဂ္ဂအနေဖြင့် ဦးစွာအ



CS-book_outline.indd 8 5/21/2010 11:13:59 AM

ရေးယူလုပ်ဆောင်ခဲ့သည့်အချက်မှာ ကလေး စစ်သားအသုံးပြုမှု ရပ်တန့်ရေးပင်ဖြစ်သည်။ ကလေးစစ်သားအသုံးပြုမှုနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရန် အတွက် နိုင်ငံတကာက ဝိုင်းဝန်းတိုက်တွန်းပြောဆိုမှုများ၏ရလာဒ်ကြောင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် ကလေးစစ်သားပပျောက်ရေးနှင့်ပတ်သက်၍ ကြိုးပမ်းလုပ်ဆောင် မှုများကို ၂၀၀၁ ခု နှစ်တွင် စတင်လုပ်ဆောင်လာခဲ့သည်။ ၂၀၀၁ ခုနှစ် နိုဝင်ဘာလ တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် (၁၃၇၉)အရ အထွေထွေအတွင်းရေးမှူးကို ကလေးစစ်သားများအသုံးပြုနေသော နိုင်ငံများ၏အမည်စာရင်းကိုပြုစုရန် ညွှန်ကြားခဲ့ သည်။ ထိုညွှန်ကြားချက်အရ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်သည် ကမ္ဘာပေါ်ရှိ နိုင်ငံများအနက် ကလေးစစ်သားအသုံးပြုသည်ဟု သတင်းရရှိသည့် အစိုးရများနှင့် အစိုးရ မဟုတ်သောအဖွဲ့အစည်းများ၏စာရင်းကိုနှစ်စဉ်နှစ်တိုင်းစုံစမ်းပြုစု၍ လုံခြုံရေးကောင်စီသို့ တင်သွင်းရမည်ဖြစ်သည်။ ထိုဆုံးဖြတ်ချက်အရ ၂၀၀၂ ခုနှစ် နိုဝင်ဘာလတွင် အထွေထွေ အတွင်းရေးမှူးက အာဖဂန်နစ္စတန်၊ ဘရွန်ဒီ၊ ကွန်ဂို၊ လစ်ဘေးရီးယား၊ ဆိုမာလီနိုင်ငံရှိ ကလေးစစ်သားအသုံးပြုနေသော အစိုးရစစ်တပ်များနှင့် အခြားလက်နက်ကိုင်အဖွဲ့ ၂၃ ဖွဲ့၏ စာရင်းကို တင်ပြအစီရင်ခံခဲ့သည်။

၂၀၀၃ ခုနှစ် ဇန္နဝါရီလတွင် ထိုအမည်စာရင်းတွင်ပါသောနိုင်ငံများအနေဖြင့် ထိုကိစ္စကို မည်ကဲ့သို့ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းအချက်များပေးရန်၊ လုံလောက် သော ဆောင်ရွက်မှုများ မလုပ်ဆောင်သည့်နိုင်ငံများအား သင့်လျော်သောဆောင်ရွက်မှု များလုပ်ဆောင်ရန်တိုက်တွန်းထားသည့်ဆုံးဖြတ်ချက်အမှတ်(၁၄၆၀)ကိုလုံခြုံရေးကောင်စီ က ထပ်မံချမှတ်ခဲ့သည်။

၂၀၀၃ ခုနှစ် နိုဝင်ဘာလတွင် အထွေထွေအတွင်းရေးမှူးက ကလေးစစ်သားများကို ဆိုးဆိုးဝါးဝါး အသုံးပြုနေသော နိုင်ငံများမှ အစိုးရများနှင့် လက်နက်ကိုင်အဖွဲ့များစာရင်းကို ပထမဦးစားပေးစာရင်း (Annex I) တွင်၎င်း၊ အသုံးပြုသည်ဟု သတင်းရရှိသည့် အစိုးရတပ် များနှင့် အဖွဲ့များကို ဒုတိယဦးစားပေးစာရင်း (Annex II) တွင်၎င်း ခွဲခြားဖော်ပြအစီရင်ခံ လာခဲ့သည်။

၂၀၀၄ ခုနှစ် ဧပြီလတွင် ပထမဦးစားပေးစာရင်း (Annex I) ၌ ပါဝင်နေသော နိုင်ငံများအနေဖြင့် တိကျပြီး အချိန် စနစ်တကျဖြစ်သော လုပ်ငန်းအစီအစဉ်များကို ပြင်ဆင် ရန်၊ ကလေးစစ်သား အသုံးပြုမှုနှင့်ပတ်သက်၍ နိုင်ငံအတွင်းတွင် ဆက်သွယ်ရမည့် ကိုယ် စားလှယ်တဦးသတ်မှတ်ပေးရန်၊ မလိုက်နာပါက ထိုအစိုးရများကို လက်နက်ရောင်းချမှု

ပိတ်ပင်ခြင်းအပါအဝင် အရေးယူမှုများလုပ်ဆောင်ရန် တိုက်တွန်းထားသည့် ဆုံးဖြတ်ချက်အမှတ် (၁၅၃၉) ကို ထပ်မံချမှတ်ခဲ့ပြန်သည်။ ယခုဆုံးဖြတ်ချက်တွင် မလိုက်နာသည့်နိုင်ငံအစိုးရများအပေါ်အရေးယူမှုများ လုပ်ဆောင်ရန် စတင်ပြောဆိုလာခဲ့သော်လည်း မည်သည့်အချိန်၊ မည်သည့်အခြေအနေမျိုးတွင် မည်သို့အရေးယူနိုင်မည်ဖြစ်ကြောင်းကို တိတိကျကျဖော်ပြထားခြင်းမရှိပါ။

၂၀၀၅ ခုနှစ် ဇူလိုင်လတွင် အထွေထွေအတွင်းရေးမှူး၏နှစ်စဉ်အစီရင်ခံစာတွင် ပါဝင်သောနိုင်ငံများအနေဖြင့် နိုင်ငံများအတွင်း လက်နက်ကိုင်ပဋိပက္ခများကြားရှိ ကလေးများ၏ အခွင့်အရေးချိုးဖောက်မှုအပေါ် စောင့်ကြပ်ရေးနှင့် အစီရင်ခံမှုစနစ်ကို ထူထောင်ရန်၊ ထို့ပြင် ကလေးစစ်သားအသုံးပြုမှုနှင့်ပတ်သက်၍ အထူးကိုင်တွယ်ဆောင်ရွက်မည့် လုံခြုံရေးကောင်စီ လက်နက်ကိုင်ပဋိပက္ခများကြားရှိ ကလေးများ၏ အခွင့်အရေးချိုးဖောက်မှုဆိုင်ရာအလုပ်အဖွဲ့ကို ဖွဲ့စည်းရန်ဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်အမှတ် (၁၆၁၂) ကို ချမှတ်ခဲ့သည်။

ကလေးစစ်သားအသုံးပြုမှုအပါအဝင် လက်နက်ကိုင်ပဋိပက္ခများအတွင်းရှိ ကလေးများဆိုင်ရာနှင့်ပတ်သက်၍ လုံခြုံရေးကောင်စီက နောက်ဆုံးထုတ်ပြန်လိုက်သော ဆုံးဖြတ်ချက်မှာ ၂၀၀၉ ခုနှစ် ဩဂုတ်လက ထုတ်ပြန်ခဲ့သော ဆုံးဖြတ်ချက်အမှတ် (၁၈၈၂) ဖြစ်သည်။ ထိုဆုံးဖြတ်ချက်တွင် လက်နက်ကိုင်ပဋိပက္ခအတွင်းရှိ ကလေးများအပေါ်သတ်ဖြတ်မှု၊ လိင်စော်ကားမှု၊ ပြန်ပေးဆွဲမှု၊ ကျောင်းများနှင့် ဆေးရုံများကိုတိုက်ခိုက်မှု၊ လူသားချင်းစာနာမှုအကူအညီများကို တားမြစ်မှုနှင့် ကလေးစစ်သားအသုံးပြုမှုများသည် နိုင်ငံတကာဥပဒေများကို ချိုးဖောက်မှုများဖြစ်သည်ဟု အတိအလင်းပြစ်တင်ရှုတ်ချထားသည်။ ထိုသို့ လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးများ၏ အခွင့်အရေးကိုအဆက်မပြတ်ချိုးဖောက်သည့်သူများကို နိုင်ငံတကာ ရာဇဝတ်မှုတရားရုံးသို့ လွှဲပြောင်းပေးခြင်းအပါအဝင် တရားဥပဒေအတိုင်းအရေးယူရန် တိုက်တွန်းထားသည်။ အထက်ပါပြစ်မှုများအား ကျူးလွန်သောနိုင်ငံများနှင့် အဖွဲ့များ၏ အမည်စာရင်းများကိုပြုစုရန်အတွက် အထွေထွေအတွင်းရေးမှူးချုပ်အား ဆက်လက်တာဝန်ပေးခဲ့သည်။



CS-book_outline.indd 10 5/21/2010 11:14:01 AM

## [illegible]

| အမှတ်စဉ် | ဆုံးဖြတ်ချက်အမှတ် | ဖော်ပြချက်များ |
|---|---|---|
| ၁။ | ဆုံးဖြတ်ချက်အမှတ် (၁၃၇၉) ၂၀၀၁ ခုနှစ် | အထွေထွေအတွင်းရေးမှူးကို ကလေးစစ်သားများ အသုံးပြုနေသော နိုင်ငံများ၏ စာရင်းကိုပြုစုရန်ညွှန်ကြား။ |
| ၂။ | ဆုံးဖြတ်ချက်အမှတ် (၁၄၆၀) ၂၀၀၃ ခုနှစ် | ထိုအမည်စာရင်းတွင်ပါသော နိုင်ငံများအနေဖြင့် ထိုကိစ္စကို မည်ကဲ့သို့ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းအချက်များပေးရန်၊ လုံလောက်သောဆောင်ရွက်မှုများ မလုပ်ဆောင်သည့် နိုင်ငံများအား သင့်လျော်သောဆောင်ရွက်မှုများလုပ်ဆောင်ရန် တိုက်တွန်း။ |
| ၃။ | ဆုံးဖြတ်ချက် အမှတ် (၁၅၃၉) ၂၀၀၄ ခုနှစ် | ပထမဦးစားပေးစာရင်း၌ ပါဝင်နေသော နိုင်ငံများ အနေဖြင့်တိကျပြီး အချိန်စနစ်တကျဖြစ်သောလုပ်ငန်း အစီအစဉ်များကို ပြင်ဆင်ရန်၊ ကလေးစစ်သား အသုံးပြုမှုနှင့်ပတ်သက်၍ နိုင်ငံအတွင်းတွင် ဆက်သွယ်ရမည့် ကိုယ်စားလှယ်တဦး သတ်မှတ်ပေးရန်၊ မလိုက်နာပါက ထိုအစိုးရများကိုလက်နက်ရောင်းချမှု ပိတ်ပင်ခြင်းအပါအဝင် အရေးယူမှုများ လုပ်ဆောင်ရန် တိုက်တွန်းထား။ |
| ၄။ | ဆုံးဖြတ်ချက်အမှတ် (၁၆၁၂) ၂၀၀၅ ခုနှစ် | အစီရင်ခံစာတွင် ပါဝင်သောနိုင်ငံများအနေဖြင့်လက်နက်ကိုင်ပဋိပက္ခများကြားရှိ ကလေးများ၏ အခွင့်အရေးချိုးဖောက်မှုအပေါ် စောင့်ကြပ်ရေးနှင့် အစီရင်ခံမှုစနစ်ကို ထူထောင်ရန်၊ ထို့ပြင်ကလေးစစ်သား အသုံးပြုမှုနှင့်ပတ်သက်၍ အထူးကိုင်တွယ်ဆောင်ရွက်မည့် ကလေးစစ်သားအသုံးပြုခြင်းဆိုင်ရာ လုံခြုံရေးကောင်စီ အလုပ်အဖွဲ့ကို ဖွဲ့စည်းရန်ဆုံးဖြတ်။ |



CS-book_outline.indd 11 5/21/2010 11:14:11 AM

| | | |
|---|---|---|
| ၅။ | ဆုံးဖြတ်ချက်အမှတ် (၁၈၈၂)<br>၂၀၀၉ ခုနှစ် | လက်နက်ကိုင်ပဋိပက္ခအတွင်းရှိ ကလေးများအပေါ် သတ်ဖြတ်မှု၊ လိင်စော်ကားမှု၊ ပြန်ပေးဆွဲမှု၊ ကျောင်းများ ဆေးရုံများကိုတိုက်ခိုက်မှု၊ လူသားချင်းစာနာမှု အကူအညီများကို တားမြစ်မှုနှင့် ကလေးစစ်သား အသုံးပြုမှုများသည် နိုင်ငံတကာဥပဒေများကိုချိုးဖောက်မှုများဖြစ်သည်ဟု အတိအလင်းပြစ်တင်ရှုတ်ချထားသည်။ ထို့ပြင် လက်နက်ကိုင်ပဋိပက္ခများ အတွင်းကလေးများ၏ အခွင့်အရေးကို အဆက်မပြတ်ချိုးဖောက်သည့်သူများကို နိုင်ငံတကာရာဇဝတ်မှုတရားရုံးသို့ လွှဲပြောင်းပေးခြင်းအပါအဝင် တရားဥပဒေအတိုင်း အရေးယူရန်၊ လက်နက်ကိုင်ပဋိပက္ခအတွင်းရှိ ကလေးများကိုသတ်ဖြတ်၊ ဒုက္ခိတဖြစ်စေ၊ လိင်ပိုင်းစော်ကားသော အဖွဲ့များ၏အမည်စာရင်းများကိုပြုစုရန်အတွက် အထွေထွေအတွင်းရေးမှူးချုပ်အား တာဝန်တိုးချဲ့ပေး။ |

## လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် (၁၆၁၂)

၂၀၀၅ ခုနှစ် ဇူလိုင်လတွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်အမှတ် (၁၆၁၂)တွင် ကလေးစစ်သားအသုံးပြုမှုသက်သက်သာ မဟုတ်တော့ဘဲ လက်နက်ကိုင်ပဋိပက္ခများ အတွင်း အစိုးရစစ်တပ်များနှင့် အခြားလက်နက်ကိုင်အဖွဲ့များက ကလေးများအပေါ် ချိုးဖောက်နေသည့် အခွင့်အရေးအမျိုးအစား (၆) မျိုးကို တိုးချဲ့သတ်မှတ်ဖော်ပြလာခဲ့သည်။ ထို့အပြင် လုံခြုံရေးကောင်စီ၏ ဆွေးနွေးရန်အာဂျင်ဒါတွင်ပါဝင်နေသော နိုင်ငံများအနေဖြင့် လက်နက်ကိုင်ပဋိပက္ခများအကြားရှိ ကလေးများ၏ အခွင့်အရေးချိုးဖောက်မှုအပေါ် စောင့်ကြပ်ရေးနှင့် အစီရင်ခံမှုစနစ်ကို နိုင်ငံတွင်း၌ ထူထောင်ကြရန်နှင့် ထိုအစီရင်ခံမှုစနစ် လုပ်ငန်းစဉ်ကို တိတိကျကျပြဌာန်းလာခဲ့သည်။ နောက်တချက်မှာ လက်နက်ကိုင်ပဋိပက္ခများ အတွင်းရှိ ကလေးများအပေါ် ဆိုးဆိုးဝါးဝါးချိုးဖောက်မှု (၆)မျိုးနှင့် ပတ်သက်၍ အထူးကိုင်တွယ်ဆောင်ရွက်မည့် လက်နက်ကိုင် ပဋိပက္ခများအတွင်းရှိ ကလေးများဆိုင်ရာ လုံခြုံရေးကောင်စီ အလုပ်အဖွဲ့ (Security Council Working Group on Children in Armed Conflict) ကို ဖွဲ့စည်းရန်ဆုံးဖြတ်ခဲ့သည်။



CS-book_outline.indd 12 5/21/2010 11:14:12 AM

ဆုံးဖြတ်ချက်အမှတ်(၁၆၁၂)အရပေါ်ပေါက်လာသော"ကလေးများနှင့်လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ လုံခြုံရေးကောင်စီ အလုပ်အဖွဲ့"တွင် လုံခြုံရေးကောင်စီ အဖွဲ့ဝင် ၁၅ နိုင်ငံပါဝင်သည်။ ထိုအလုပ်အဖွဲ့အနေဖြင့် လက်နက်ကိုင်ပဋိပက္ခဖြစ်နေသောဒေသများအတွင်းရှိ ကလေးများ၏ အခြေအနေတိုးတက်မှုနှင့် ကြိုးပမ်းလုပ်ဆောင်မှုများကို သုံးသပ်ရမည်ဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခဖြစ်နေသောနိုင်ငံများရှိ ကလေးများအခြေအနေကိုတင်ပြသည့်အစီရင်ခံစာများကို စောင့်ကြပ်လေ့လာသည်။ လက်နက်ကိုင်ပဋိပက္ခများအတွင်းရှိ ကလေးများနှင့်ပတ်သက်သော အကြောင်းအရာအသစ်များနှင့် အဖြစ်အပျက်အသစ်များကိုလဲ လေ့လာသည်။ သတင်းအချက်အလက်များကိုအခြေခံပြီး ကလေးများနှင့်ပတ်သက်၍ လုံခြုံရေးကောင်စီအနေဖြင့် မည်သည့်လုပ်ဆောင်မှုများ လုပ်ဆောင်သင့်ကြောင်း အကြံပေးရမည်ဖြစ်သည်။

ထို့ပြင် ထိုအလုပ်အဖွဲ့သည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးကပေးပို့သော ရွေးချယ်ထားသည့် နိုင်ငံများဆိုင်ရာ အစီရင်ခံစာများကိုလက်ခံရသည်။ အလုပ်အဖွဲ့၏ အစည်းအဝေးပြုလုပ်မည့်အချိန်ကိုမူ တိတိကျကျ အချိန်သတ်မှတ်ထားခြင်းမရှိ။

ယခင်ကထက်တိုးတက်လာမှုများမှာ ယခင်ကကဲ့သို့ ကလေးစစ်သားအသုံးပြုမှုတခုထဲ သက်သက်သာ မဟုတ်တော့ဘဲ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အနေဖြင့် လက်နက်ကိုင်ပဋိပက္ခအတွင်းရှိ ကလေးများ၏ ဆိုးဆိုးဝါးဝါးအခွင့်အရေးချိုးဖောက်ခံရမှု (၆)မျိုးကို တင်ပြရန် တိုးချဲ့ညွှန်ကြားလာခဲ့သည်။ ထို (၆) မျိုးမှာ–

**(၁) ကလေးများကို သတ်ဖြတ်ခြင်း၊ ဒုက္ခိတဖြစ်စေခြင်း။**

| | |
|---|---|
| အဓိပ္ပာယ် | **သတ်ဖြတ်ခြင်း** ဆိုသည်မှာ အသက် ၁၈ နှစ်အောက်ရှိကလေးတယောက် သို့မဟုတ် တယောက်ထက်ပိုသောကလေးများကို သေဆုံးစေသည့်လုပ်ဆောင်ချက်မှန်သမျှကို ဆိုလိုသည်။<br><br>**ဒုက္ခိတဖြစ်စေခြင်း** အသက် ၁၈ အောက်ရှိသူတဦး သို့မဟုတ် တဦးထက်ပိုသူများအပေါ် ရည်ရွယ်ချက်ရှိရှိဖြင့် အမြဲတမ်း သို့မဟုတ် လုပ်ကိုင်စွမ်းမရှိသည့် ဒဏ်ရာရစေခြင်း၊ အနာရွက်အမှတ်အသား ထင်ကျန်စေခြင်း၊ ခန္ဓာကိုယ်အစိတ်အပိုင်းများ ဖြတ်တောက်မှုဖြစ်စေခြင်း၊ |



CS-book_outline.indd 13 5/21/2010 11:14:12 AM

| | |
|---|---|
| ဥပမာ | **သတ်ဖြတ်ခြင်း**<br>– ပရမ်းပတာပစ်ခတ်ခြင်း၊ ထိခိုက်သည့်သူကို ရည်ရွယ်၍ပစ်ခတ်ခြင်း၊<br>– ရည်ရွယ်ချက်ရှိရှိ ချထားသောမြေမြှုပ်မိုင်း သို့မဟုတ် အခြားပေါက်ကွဲစေတတ်သောအရာများကြောင့် သေဆုံးခြင်း၊<br>– တရားလက်လွတ်သတ်ဖြတ်ခြင်း၊<br>– ချုပ်နှောင်ထားစဉ် နှိပ်စက် ညှင်းပမ်းမှုကြောင့် သေဆုံးခြင်း၊<br>– ချုပ်နှောင်ထားစဉ် လိုအပ်သည့် ဆေးဝါး၊ အစားအစာ၊ ရေ၊ အိပ်စက်ခွင့်များ မပေးသဖြင့် သေဆုံးသွားခြင်း၊ သေဆုံးသူသည်လုံခြုံရေးတပ်ဖွဲ့၏ စစ်ဆင်ရေး သို့မဟုတ်<br>– ထိမ်းချုပ်မှုအောက်တွင်ရှိနေစဉ် အထူးပြင်းထန်သည့် အင်အားသုံးခြင်းကြောင့် သေဆုံးသွားခြင်း၊<br>– အတင်းအကြပ်ပျောက်ဆုံးသွားစေခြင်း၊ သေဆုံးသူသည် လုံခြုံရေးတပ်ဖွဲ့၏ စစ်ဆင်ရေး သို့မဟုတ် ထိမ်းချုပ်မှုအောက်တွင်ရှိနေစဉ် မသေချာသောအကြောင်းတခုဖြင့် သေဆုံးသွားခြင်း၊<br>– သေဆုံးမှုကို နိုင်ငံတော်၏ တာဝန်ရှိသူများက လိုအပ်သလို ကိုင်တွယ်ဆောင်ရွက်မှုများမလုပ်ဆောင်ခြင်း၊<br>– စစ်ဆင်ရေးများအတွင်း လိုအပ်သည့် လိုအပ်ချက်များနှင့် တိုင်းတာချက်များအား လုပ်ဆောင်ရန် ပျက်ကွက်ခြင်း၊<br>– စစ်ဆင်ရေးများတွင်လုပ်ဆောင်ရန်လိုအပ်သည့် စစ်သားအရပ်သားခွဲခြားမှုကို လုပ်ဆောင်ရန်ပျက်ကွက်ခြင်း၊<br><br>**ဒုက္ခိတဖြစ်စေခြင်း**<br>– လူတယောက်ကို ဆေးပညာအရ ကုသခြင်း၊ ထိုသူ၏အကျိုးအတွက် ကုသပေးခြင်းမျိုး အကြုံးမဝင်ပါ။ |
| ကျူးလွန်သူ | – အစိုးရတပ်မှဖြစ်စေ၊ အခြားလက်နက်ကိုင်တပ်ဖွဲ့မှဖြစ်စေ၊<br>(မည်သူမဆိုဖြစ်နိုင်သည်) |
| ဖြစ်ပျက်မှုပုံစံ | စစ်ပွဲနှင့် ဆက်စပ်နေသော ဖြစ်ရပ်ဖြစ်ရမည်။ (လက်နက်ကိုင်ပဋိပက္ခ) |



CS-book_outline.indd 14 5/21/2010 11:14:13 AM

## (၂) ကလေးစစ်သားအဖြစ်အသုံးပြုခြင်း။

| | |
|---|---|
| အဓိပ္ပာယ် | အသက် (၁၈) နှစ်အောက်ရှိသော ယောကျ်ားလေးဖြစ်စေ၊ မိန်းကလေးဖြစ်စေ ဆန္ဒပါပါ၊ ဆန္ဒမပါပါ စစ်မှုထမ်းစေပြီး လက်နက်ကိုင်တိုက်ခြင်းနှင့် အခြားလုပ်ငန်းများတွင် စေခိုင်းခြင်း။ |
| ဥပမာ | – လက်နက်ကိုင်အုပ်စုများ၌ လက်နက်ကိုင်သည်ဖြစ်စေ၊ မကိုင်သည်ဖြစ်စေ ထမင်းချက်၊ ပစ္စည်းထမ်း၊ သတင်းပို့တာဝန် ထမ်းဆောင်နေခြင်း၊<br>– မိသားစုဝင်များအဖြစ်မဟုတ်ဘဲ ထိုအဖွဲ့နှင့်အတူ နောက်လိုက်ခြင်း၊<br>– အမျိုးသမီးငယ်များဖြစ်ပါက လိင်ပိုင်းဆိုင်ရာ ရည်ရွယ်ချက်ဖြစ်စေ၊ အတင်း အကြပ် လက်ထပ်ယူရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ ပါဝင်နေခြင်း၊ |
| ကျူးလွန်သူ | – အစိုးရတပ်မှဖြစ်စေ၊ – အခြားလက်နက်ကိုင်တပ်ဖွဲ့မှဖြစ်စေ၊ (မည်သူမဆိုဖြစ်နိုင်သည်) |
| ဖြစ်ပျက်မှုပုံစံ | စစ်ပွဲနှင့် ဆက်စပ်နေသော ဖြစ်ရပ်ဖြစ်ရမည်။ (လက်နက်ကိုင်ပဋိပက္ခ) |

## (၃) ကျောင်းများနှင့် ဆေးရုံများကို တိုက်ခိုက်ခြင်း။

## (၄) မုဒိမ်းကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း။

| | |
|---|---|
| အဓိပ္ပာယ် | အသက် ၁၈ နှစ်အောက်ရှိသောကလေး တယောက်ယောက်အပေါ် စစ်တပ်ကဖြစ်စေအခြားလက်နက်ကိုင်တပ်ဖွဲ့ကဖြစ်စေစိတ်ပိုင်းနှင့်ရုပ်ပိုင်း နာကျင်မှု၊ စော်ကားမှုကိုဖြစ်စေသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ဆိုလိုသည်။ |
| ဥပမာ | – မုဒိမ်းကျင့်ခြင်း၊<br>– လိင်ကျေးကျွန်ပြုခြင်း၊<br>– ကလေးပြည့်တန်ဆာအဖြစ်စေခိုင်းခြင်း၊<br>– အတင်းအကြပ် ကိုယ်ဝန်ဆောင်စေခြင်း၊<br>– အတင်းအကြပ် သားကြောဖြတ်စေခြင်း၊ ကိုယ်ဝန်ဖျက်ချစေခြင်း။ |

| | |
|---|---|
| ကျူးလွန်သူ | – အစိုးရတပ်မှဖြစ်စေ၊ –အခြားလက်နက်ကိုင်တပ်ဖွဲ့မှဖြစ်စေ၊ (မည်သူမဆိုဖြစ်နိုင်သည်) |
| ဖြစ်ပျက်မှုပုံစံ | စစ်ပွဲနှင့် ဆက်စပ်နေသော ဖြစ်ရပ်ဖြစ်ရမည်။ (လက်နက်ကိုင်ပဋိပက္ခ) |

## (၅) ကလေးများကို ပြန်ပေးဆွဲခြင်း။

| | |
|---|---|
| အဓိပ္ပာယ် | အင်အားသုံး၍ဖြစ်စေ၊ ထိုသူတဦးဦး သို့မဟုတ် အခြားသူတဦးဦးအပေါ် အကြမ်းဖက်မှုများ၊ ဖမ်းဆီးမှုများ၊ စိတ်ပိုင်းဆိုင်ရာ ခံစားရမှုများခံစားမည်ဟု ခြိမ်းခြောက်အကြပ်ကိုင်၍ဖြစ်စေ၊ အမြတ်ထုတ်ရန်အတွက် လိမ်ညာလှည့်ဖျား၍ဖြစ်စေ အသက် ၁၈ နှစ်အောက်ရှိသော ကလေးတယောက်ကို ယာယီ သို့မဟုတ် အမြဲတမ်း ဖယ်ရှားပစ်ခြင်း၊ သိမ်းယူခြင်း၊ ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်း၊ ထိမ်းသိမ်းထားခြင်းကို ဆိုလိုသည်။ |
| ဥပမာ | – အတင်းအကြပ် စစ်မှုထမ်းစေခြင်း၊<br>– လိင်ပိုင်း သို့မဟုတ် အခြားနည်းများဖြင့် စော်ကားရန်အတွက် ထိမ်းသိမ်းထားခြင်း၊<br>– အဓမ္မလုပ်အားစေခိုင်းခြင်း၊<br>– ဓားစာခံအဖြစ်ဖမ်းဆီးခြင်း၊<br>– ထိမ်းသိမ်းထားပြီး ဝါဒဖြန့်စည်းရုံးခြင်း။ |
| ကျူးလွန်သူ | – အစိုးရတပ်မှဖြစ်စေ၊ – အခြားလက်နက်ကိုင်တပ်ဖွဲ့မှဖြစ်စေ၊ (မည်သူမဆိုဖြစ်နိုင်သည်) |
| ဖြစ်ပျက်မှုပုံစံ | စစ်ပွဲနှင့် ဆက်စပ်နေသော ဖြစ်ရပ်ဖြစ်ရမည်။ (လက်နက်ကိုင်ပဋိပက္ခ) |



CS-book_outline.indd 16 5/21/2010 11:14:15 AM

## (၆) ကလေးများအတွက် လူသားချင်းစာနာသောအကူအညီများကို တားမြစ်ခြင်း။

| | |
|---|---|
| အဓိပ္ပာယ် | ရည်ရွယ်ချက်ရှိရှိဖြင့် ရုပ်ပိုင်းဆိုင်ရာဖြစ်စေ အုပ်ချုပ်မှုနည်းများ ဖြင့်ဖြစ်စေ ပဋိပက္ခဖြစ်နေသော ဒေသအတွင်း သို့မဟုတ် အပြင်သို့ ကူညီသူများနှင့် ကူညီသူများသွားလာခွင့်မရအောင် တားမြစ်ပိတ်ပင်ခြင်း။ |
| ဥပမာ | ကလေးအတွက် အသက်ရှင်ရန်လိုအပ်သော<br>– အစားအစာ၊<br>– ဆေးဝါးထောက်ပံ့မှု၊<br>– အဝတ်အစား၊<br>– အိပ်ယာ၊<br>– ခိုလှုံစရာနှင့် အခြားလိုအပ်သည့် ထောက်ပံ့မှုများကို လိုအပ်သည့်နေရာများသို့ အချိန်မီ မရောက်ရှိနိုင်အောင် ရည်ရွယ်ချက်တားမြစ်ခြင်း သို့မဟုတ် စီမံအုပ်ချုပ်မှုကြန့်ကြာစေခြင်း။ |
| ကျူးလွန်သူ | – အစိုးရတပ်မှဖြစ်စေ၊ – အခြားလက်နက်ကိုင်တပ်ဖွဲ့မှဖြစ်စေ၊ (မည်သူမဆိုဖြစ်နိုင်သည်) |
| ဖြစ်ပျက်မှုပုံစံ | စစ်ပွဲနှင့် ဆက်စပ်နေသော ဖြစ်ရပ်ဖြစ်ရမည်။ (လက်နက်ကိုင်ပဋိပက္ခ) |

ထို့ပြင် အစီရင်ခံစာတွင်ပါသောနိုင်ငံများအနေဖြင့် ကလေးစစ်သားအသုံးပြုမှုကိုရပ်တန့်ရန် မည်သည့်အစီအစဉ်များဖြင့် လုပ်ဆောင်နေကြောင်းကို အချိန်ကာလသတ်မှတ်ချက်ကိုဖော်ပြသည့် လုပ်ငန်းစီမံချက်များဖြင့်အစီရင်ခံရန် ထိုဆုံးဖြတ်ချက်ကဆိုထား၏။ ဆုံးဖြတ်ချက် (၁၆၁၂) အရ လုံခြုံရေးကောင်စီသည် ကုလသမဂ္ဂအေဂျင်စီများမှတဆင့် နည်းပညာအကူအညီများပေးရန်၊ လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးအခွင့်အရေးများချိုးဖောက်မှုတားဆီးရေး လုပ်ငန်းအတွက် ငွေကြေး၊ နည်းပညာပိုင်းအနေဖြင့် ကူညီမည့်သူများကိုပန်ကြားရန်၊ လူအများသိစေမည့် ကြေညာချက်များကိုထုတ်ပြန်ရန်၊ လက်နက်ကိုင်ပဋိပက္ခများအတွင်းရှိ ကလေးများ၏အခွင့်အရေးကို ချိုးဖောက်သည်ဟု အစီရင်ခံစာတွင်ပါဝင်နေသောနိုင်ငံများ၊ အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရန်၊ ထိုနိုင်ငံများ၊ အဖွဲ့များထံသို့ သွားရောက်လေ့လာစုံစမ်းရန်၊ လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးများ၏ အခွင့်အရေးကိုချိုးဖောက်မှု ရပ်တန့်ရေးကို အမှန်တကယ်လုပ်ဆောင်နိုင်ရန်အတွက် အရေးယူဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်ရန် (ဥပမာ– ငြိမ်းချမ်းရေးတပ်ဖွဲ့စေလွှတ်



CS-book_outline.indd 17 5/21/2010 11:14:15 AM

ခြင်း)၊ ပိုမိုကောင်းမွန်သော အရေးယူမှုများ လုပ်ဆောင်ရန် (ဥပမာ– ခရီးသွားလာခွင့်ပိတ်ခြင်း၊ လက်နက် တင်ပို့မှုပိတ်ပင်ခြင်း၊ ပိုင်ဆိုင်မှုများ သိမ်းဆည်းခြင်း၊ နိုင်ငံတကာအဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက်ခြင်း)နှင့် အချက်အလက်များကို နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး (ICC) နှင့် အခြားနိုင်ငံတကာဥပဒေယန္တယားများကိုပေးပို့ရန် လုပ်ပိုင်ခွင့်များရှိလာသည်။

## မြန်မာနိုင်ငံနှင့် အထွေထွေအတွင်းရေးမှူးချုပ်အစီရင်ခံစာ

မြန်မာနိုင်ငံတွင် ကလေးစစ်သားအသုံးပြုနေသည်ဟူသော အချက်ကို ကုလသမဂ္ဂအထွေထွေအတွင်းမှူးက လုံခြုံရေးကောင်စီသို့ ၂၀၀၃ ခုနှစ်တွင်တင်သွင်းသည့် အစီရင်ခံစာတွင် ပထမဦးဆုံးတွေ့ရှိနိုင်သည်။ ၂၀၀၃ ခုနှစ် နိုဝင်ဘာလတွင် အထွေထွေအတွင်းရေးမှူးက (၆) နိုင်ငံရှိ အဖွဲ့ပေါင်း ၁၇ ဖွဲ့ကို ပထမဦးစားပေးစာရင်း (Annex I) တွင်၎င်း၊ မြန်မာနိုင်ငံအပါအဝင် (၉) နိုင်ငံက အဖွဲ့ ၁၈ ဖွဲ့ကို ဒုတိယဦးစားပေးစာရင်း (Annex II) တွင်၎င်းဖော်ပြခဲ့သည်။

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် တင်သွင်းသည့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး၏ အစီရင်စာခံတွင် (၅) နိုင်ငံကို ပထမဦးစားပေးစာရင်းတွင်လည်းကောင်း၊ မြန်မာနိုင်ငံအပါအဝင် (၆) နိုင်ငံကို ဒုတိယဦးစားပေးစာရင်းတွင် လည်းကောင်း ဖော်ပြခဲ့သည်။ ၂၀၀၅ ခုနှစ်အထိ မြန်မာနိုင်ငံသည် ကုလသမဂ္ဂလုံခြုံကောင်စီ၏ ဆွေးနွေးရန်အာဂျင်တာအတွင်း မပါဝင်သေးသည့် နိုင်ငံဖြစ်နေဆဲဖြစ်သည်။

၂၀၀၆ ခုနှစ် အောက်တိုဘာလတွင် လုံခြုံရေးကောင်စီသို့တင်သွင်းသည့် အထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာတွင် မြန်မာနိုင်ငံသည် အခြားနိုင်ငံ (၅) နိုင်ငံနှင့်အတူ ပထမဦးစားပေးစာရင်းသို့ ရောက်ရှိလာခဲ့တော့သည်။

ထို့အတွက် ၂၀၀၇ ခုနှစ်မှစတင်၍ အထွေထွေအတွင်းရေးမှူးချုပ်အနေဖြင့် မြန်မာနိုင်ငံရှိ လက်နက်ကိုင်ပဋိပက္ခများနှင့် ကလေးငယ်များအခြေအနေကို လုံခြုံရေးကောင်စီ၏ အလုပ်အဖွဲ့သို့ နှစ်စဉ်အစီရင်ခံစာတင်သွင်းရမည့် အခြေအနေသို့ ရောက်ရှိခဲ့သည်။

ထို့ပြင် နအဖမှ ကလေးစစ်သားများစုဆောင်းမှုများ ရပ်တန့်ရေးနှင့်ပတ်သက်၍ ဆွေးနွေးနိုင်ရန် ၂၀၀၇ ဇူလိုင်လတွင် လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးများဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စရာဒီကာ ကူမားရားဆွာမိက မြန်မာနိုင်ငံသို့သွားရောက်ခဲ့သည်။



CS-book_outline.indd 18 5/21/2010 11:14:16 AM

ထိုအထူးကိုယ်စားလှယ်က နအဖစစ်တပ်ကို လက်နက်ကိုင်ပဋိပက္ခများအတွင်းရှိ ကလေးများအခွင့်အရေးချိုးဖောက်မှုများကို စောင့်ကြပ်ရေးနှင့် အစီရင်ခံမှုစနစ်ကို ထူထောင်ရန် ဆွေးနွေးခဲ့သည်။

၂၀၀၇ ခုနှစ် နိုဝင်ဘာလ (၁၆) ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အလုပ်အဖွဲ့သို့ တင်သွင်းခဲ့သော အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံတွင်း လက်နက်ကိုင်ပဋိပက္ခအတွင်းရှိ ကလေးအခွင့်အရေးချိုးဖောက်မှုဆိုင်ရာအစီရင်ခံစာတွင် လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် (၁၆၁၂)က ဖော်ပြထားသည့် ကလေးအခွင့်အရေး ချိုးဖောက်မှုအမျိုးအစား (၆) မျိုးစလုံးနှင့်ပတ်သက်သည့် သတင်းများကို စုံစမ်းတင်ပြထားသည်။

ထိုအစီရင်ခံစာထဲတွင် နအဖအနေဖြင့် လက်နက်ကိုင်ပဋိပက္ခအတွင်းရှိ ကလေးအခွင့်အရေးချိုးဖောက်မှု (၆) မျိုးအနက် ကလေးစစ်သားအသုံးပြုခြင်း၊ လူသားချင်းစာနာသောအကူအညီများကို ငြင်းပယ်ခြင်း၊ သတ်ဖြတ်ခြင်းနှင့် ကိုယ်အင်္ဂါချို့တဲ့စေခြင်း၊ မုဒိန်းကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းများကို ကျူးလွန်နေသည်ဟု အထောက်အထားများနှင့်တင်ပြထားသည်။အခင်းဖြစ်သည့်နေရာသို့ အတည်ပြုမှုရယူဖို့သွားလာရန် အခက်အခဲရှိမှုကြောင့် ကျန်အမျိုးအစားနှစ်မျိုးဖြစ်သည့် ကျောင်းများနှင့် ဆေးရုံများအား တိုက်ခိုက်ခြင်း၊ ပြန်ပေးဆွဲခြင်းများနှင့်ပတ်သက်၍ ခိုင်လုံသည့်သတင်းများမရရှိဟု ဆိုထားသည်။ မြန်မာနိုင်ငံအတွင်းရှိ အခြားလက်နက်ကိုင်အဖွဲ့ (၉) ဖွဲ့ကလဲ ကလေးစစ်သားအသုံးပြုခြင်းကျူးလွန်သလို အချို့အဖွဲ့များ၏ မြေမြှုပ်မိုင်းများကြောင့် ကလေးများဒုက္ခိတဖြစ်ရကြောင်း ထိုအစီရင်ခံစာတွင် ဖော်ပြထားသည်။

ထိုအစီရင်ခံစာတွင် မြန်မာနိုင်ငံက အထွေထွေအတွင်းရေးမှူးချုပ်က စေလွှတ်သည့် လက်နက်ကိုင်ပဋိပက္ခများအကြားရှိ ကလေးများဆိုင်ရာအထူးကိုယ်စားလှယ် မစ္စ ရာဒီကာကူမားရားဆွာမီအား လာရောက်ခွင့်ပြုသည့်အတွက် ကျေနပ်မိကြောင်းထုတ်ဖော်ရေးသားထားသည်။ သို့သော် ကုလသမဂ္ဂ၏အေဂျင်စီများအနေဖြင့် လက်နက် ကိုင်ပဋိပက္ခများဖြစ်ပွားနေသည့်ဒေသများကို အပြည့်အဝလွတ်လပ်စွာသွားရောက်နိုင်ရန် အခက်အခဲများစွာကြုံတွေ့ရကြောင်း၊ ကလေးများ၏အခွင့်အရေးကို ကာကွယ်ရန်နှင့် ဆိုးဝါးလှသောအခွင့်အရေးချိုး ဖောက်မှုများအား အစီရင်ခံခြင်းများအား စောင့်ကြပ်ရန် တာဝန်ခံပေးလုပ်ဆောင်မှုများကင်းမဲ့နေကြောင်း၊ သတင်းအချက်အလက်များရရှိရန် အထူးခက်ခဲလှကြောင်း ဖော်ပြထားသည်။



CS-book_outline.indd 19 5/21/2010 11:14:17 AM

အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ လက်နက်ကိုင်ပဋိပက္ခအတွင်းရှိ ကလေးအခွင့်အရေး ချိုးဖောက်မှုဆိုင်ရာ ပထမဦးဆုံးအစီရင်ခံစာတင်သွင်းအပြီး (၈) လအကြာတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အလုပ်အဖွဲ့က မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခကြားရှိ ကလေးများအခြေအနေဆိုင်ရာ သုံးသပ်ချက်ထွက်ပေါ်လာခဲ့သည်။ သို့သော် ထိုသုံးသပ်ချက်တွင် နအဖအပေါ် ပြင်းထန်သည့် အရေးဆိုမှုများ မပါဝင်ခဲ့ဘဲ အားနည်းသော ဆုံးဖြတ်ချက်များသာ ဖြစ်ခဲ့သည်။

၂၀၀၉ ခုနှစ် ဇွန်လ (၁)ရက်နေ့တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အလုပ်အဖွဲ့သို့ တင်သွင်းသည့် အထွေထွေ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံ လက်နက်ကိုင်ပဋိပက္ခများကြားရှိကလေးများဆိုင်ရာ ဒုတိယအစီရင်ခံစာတွင် ယခင်ကထက်ပိုမိုအားကောင်းချက်များ ပါဝင်လာသည်ကို တွေ့ရသည်။ ထိုအစီရင်ခံစာသည် ၂၀၀၇ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ ၂၀၀၉ ခုနှစ် မတ်လ (၃၁) ရက်အတွင်း စုံစမ်းရရှိခဲ့သည့် သတင်းအချက်များကို ဖော်ပြထား၏။ ထိုအစီရင်ခံစာတွင် နအဖတပ်မတော်နှင့် လက်နက်ကိုင်အဖွဲ့များတွင် ကလေးစစ်သားများကို ဆက်လက်အသုံးပြုနေဆဲဖြစ်ကြောင်းဆိုသည်။ နအဖတပ်မတော်နှင့်အတူ ထိုစာရင်းတွင်ပါဝင်သည့် မြန်မာနိုင်ငံမှ လက်နက်ကိုင်အဖွဲ့များမှာ ကရင်ဗုဒ္ဓဘာသာဒီမိုကရက်တစ်တပ် (Democratic Karen Buddhist Army)၊ ကချင်လွတ်လပ်ရေးတပ်မတော် (Kachin Independence Army)၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (Karen National Liberation Army)၊ ကရင်အမျိုးသားအစည်းအရုံး– ကရင်အမျိုးသားလွတ်မြောက်ရေးတပ် ငြိမ်းချမ်းရေးကောင်စီ (Karen National Union-Karen National Liberation Army Peace Council)၊ ကရင်နီတပ်မတော် (Karenni Army)၊ ကရင်နီအမျိုးသားပြည်သူ့လွတ်မြောက်ရေးတပ်ဦး (Karenni National People's Liberation Front) မြန်မာအမျိုးသား ဒီမိုကရက်တစ်တပ်ပေါင်းစုတပ်မတော် (Myanmar National Democratic Alliance Army-Kokang)၊ ရှမ်းပြည်နယ်တပ်မတော်တောင်ပိုင်း (Shan State Army-South)၊ ညီညွတ်သောဝပြည်နယ်တပ်မတော် (United Wa State Army) တို့ဖြစ်သည်။

ထိုအစီရင်ခံစာတွင် နအဖအစိုးရသည် ကရင်အမျိုးသားအစည်းအရုံးနှင့် ကရင်နီတိုးတက်သောအမျိုးသားပါတီများနှင့် ကုလသမဂ္ဂတို့တွေ့ဆုံနိုင်ဖို့ ခွင့်ပြုပေးရန်ငြင်းဆိုခဲ့ကြောင်း၊ သို့သော် ကရင်အမျိုးသားအစည်းအရုံး– ကရင်အမျိုးသားလွတ်မြောက်ရေးတပ် ငြိမ်းချမ်းရေးကောင်စီ (Karen National Union-Karen National Liberation Army Peace Council)၊ ကရင်ဗုဒ္ဓဘာသာဒီမိုကရက်တစ်တပ် (Democratic Karen Buddhist



CS-book_outline.indd 20 5/21/2010 11:14:18 AM

Army) ၊ ညီညွတ်သော–ပြည်နယ်တပ်မတော် (United Wa State Army) တို့နှင့် တွေ့ဆုံခွင့်ပြုခဲ့ကြောင်း၊နအဖစစ်တပ်ကပြန်လွှတ်ပေးခဲ့သည့်ကလေးများ၏လိပ်စာများနှင့်အဆက်အသွယ်များကိုထုတ်ပြန်ပေးရန်သဘောတူညီခဲ့ကြောင်း ဖော်ပြရေးသားထားသည်။

ဒုတိယအစီရင်စာထဲတွင်ကလေးအခွင့်အရေးချိုးဖောက်မှု(၆)မျိုးအနက်ကျောင်းများနှင့်ဆေးရုံများကိုတိုက်ခိုက်ခြင်းမှလွဲ၍ကျန်အချက်များကိုနအဖကကျူးလွန်နေကြောင်းဖော်ပြထားသည်။ ထို့ပြင် လက်နက်ကိုင်တပ်ဖွဲ့များတွင် ကလေးစစ်သား အသုံးပြုနေသည်ဆိုသော အထောက်အထားအမှုအချို့ကို တင်ပြထားသည်။ ထူးခြားချက်မှာ အစိုးရမဟုတ်သောအဖွဲ့များ၏ တင်ပြချက်များကိုစီစစ်၍မရသောသတင်းများအဖြစ် အစီရင်ခံစာတွင်ထည့်သွင်းတင်ပြထားသည်။ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များပါအချက်များကို နအဖက အမှန်တကယ်အကောင်အထည်ဖော်ခြင်းရှိ၊ မရှိစီစစ်ရန်အခက်အခဲများစွာ ရှိကြောင်းအထွေထွေအတွင်းရေးမှူးက ဆိုထားသည်။

ထိုအစီရင်ခံစာတွင် နအဖအနေနှင့် ကလေးများအားစစ်မှုထမ်းစေခြင်းကိုတားဆီးနိုင်ရန်အတွက် ပိုမိုတင်းကြပ်သည့်ယန္တယားများကိုတည်ထောင်ရန်၊ နိုင်ငံတော်အဆင့်လုပ်ငန်းအဖွဲ့များနှင့်ပူးပေါင်း၍ စစ်တပ်တွင်းရှိကလေးများ ခြွင်းချက်မရှိပြန်လည်နုတ်ထွက်လာနိုင်အောင်လုပ်ဆောင်ပေးရန်တို့ကို ပြင်းထန်စွာတိုက်တွန်းထားသည်။ ထို့ပြင် နိုင်ငံအဆင့်အလုပ်အဖွဲ့များကို စစ်သားစုဆောင်းရေးဌာနများ၊ သင်တန်းကျောင်းများနှင့် တပ်စခန်းများသို့ အနှောက်အယှက်မရှိ ပြည့်ပြည့်ဝဝသွားရောက်လေ့လာ စစ်ဆေးနိုင်အောင်ခွင့်ပြုရန်၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ လုပ်ငန်းအကောင်အထည်ဖော်မှုများကိုနောက်ဆုံးအဆုံးသတ်နိုင်ရန်အတွက် နအဖအနေဖြင့် နိုင်ငံတော်အဆင့်လုပ်ငန်းအဖွဲ့များနှင့် ဆက်သွယ်လုပ်ဆောင်ရန် တိုက်တွန်းထားသည်။

ထို့မှုမက ကျူးလွန်သူများအပြစ်ပေးမခံရဘဲ လွတ်မြောက်နေခြင်းမျိုးမရှိရအောင်စုံစမ်းစစ်ဆေးခြင်းများပြုလုပ်၍ တာဝန်ရှိသူများကို ရာဇဝတ်မှုဥပဒေဖြင့် အပြစ်ပေးအရေးယူသွားရန်၊ အသက်(၁၈)နှစ်မပြည့်သေးသည့် ကလေးများစစ်တပ်မှ ထွက်ပြေးခြင်းကြောင့်ဖမ်းဆီးခြင်း၊ အနှောက်အယှက်ပေးခြင်းနှင့် ထောင်ချအပြစ်ပေးခြင်းများအား ချက်ချင်းရပ်တန့်သင့်ကြောင်းနှင့် ထိုသို့မဖြစ်အောင် နိုင်ငံတော် အဆင့်လုပ်ငန်းအဖွဲ့များနှင့် လက်တွဲ၍စောင့်ကြပ်ပြီး ထိုကလေးများအားခြွင်းချက်မရှိ ပြန်လည်လွှတ်ပေးသင့်ကြောင်း ပြောကြားထားသည်။

ထို့ပြင် နအဖအနေဖြင့် ကုလသမဂ္ဂအဖွဲ့နှင့် အခြားလက်နက်ကိုင်အဖွဲ့များ တွေ့ဆုံနိုင်ခြင်းမရှိအောင်နှင့် အပစ်အခတ်ရပ်စဲထားသည့်နေရာများသို့ မသွားရန်တားမြစ်ချက်များကို ဖယ်ရှားပေးရန်နှင့် စစ်တပ်အတွင်း ပညာပေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားရန် တိုက်တွန်းထားသည်။

အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံ လက်နက်ကိုင်ပဋိပက္ခများအတွင်းရှိ ကလေးများဆိုင်ရာ ဒုတိယအကြိမ် အစီရင်ခံစာကိုအခြေပြု၍ လုံခြုံရေးကောင်စီလုပ်ငန်းအဖွဲ့သည် ၂၀၀၉ ခုနှစ် အောက်တိုဘာလ (၂၈) ရက်နေ့တွင် နအဖအနေဖြင့် မြန်မာနိုင်ငံအတွင်းတွင်ဖွဲ့စည်းထားသည့် ယူနီဆက်၊ အိုင်စီအာစီ၊ အိုင်အယ်လ်အိုအဖွဲ့များပါဝင်သော နိုင်ငံတော်အဆင့်လုပ်ငန်းအဖွဲ့များနှင့် စောင့်ကြပ်ရေးနှင့် အစီရင်ခံခြင်းလုပ်ငန်းစဉ်တွင် ပိုမိုပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ရန်ဆန္ဒရှိကြောင်း ဖော်ပြထားခဲ့သည်။ ထို့ပြင် ကုလသမဂ္ဂအေဂျင်စီများနှင့် အပစ်အခတ်ရပ်စဲထားသောအဖွဲ့များအကြား တွေ့ဆုံဆွေးနွေးမှုများဖြစ်ပေါ်စေရန် နအဖအနေဖြင့်လုပ်ဆောင်ပေးသင့်ကြောင်း၊ စုံစမ်းစစ်ဆေးမှုများ၊ အပြစ်ပေးအရေးယူမှုများနှင့် စည်းကမ်းတကျဖြစ်အောင် လုပ်ဆောင်မှုများတွင် တာဝန်ရှိမှု၊ တာဝန်ယူမှုများကိုသေချာစေပြီး ကလေးများ၏ အကောင်းဆုံးအကျိုးကို ဦးထိပ်ထားသင့်ကြောင်း ဆိုထားသည်။



CS-book_outline.indd 22 5/21/2010 11:14:20 AM

## ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာနှင့် ပါဝင်သည့်နိုင်ငံများ

| အမှတ်စဉ် | ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူး အစီရင်ခံစာနှင့် ခုနှစ် | အထွေထွေအတွင်းရေးမှူး၏ အစီရင်ခံစာ ဦးစားပေးစာရင်း (၁) နိုင်ငံအမည် | အထွေထွေ အတွင်းရေးမှူး၏ အစီရင်ခံစာ ဦးစားပေးစာရင်း (၂) နိုင်ငံအမည် |
|---|---|---|---|
| ၁။ | ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူး၏ လုံခြုံရေးကောင်စီသို့ တင်သွင်းသောလက်နက် ကိုင်ပဋိပက္ခအတွင်း ရှိကလေးများဆိုင်ရာ အစီရင်ခံစာ (၂၀၀၃) | ၁။ အာဖဂန်နစ္စတန်<br>၂။ ဘူရွန်ဒီ<br>၃။ ကော်ဒီ အိုင်ဗာရီ<br>၄။ ကွန်ဂို ဒီမိုကရက်တစ် ရီပတ်ဘလစ်<br>၅။ လစ်ဘေးရီးယား<br>၆။ ဆိုမာလီယားနိုင်ငံတို့မှ အဖွဲ့ (၁၇) ဖွဲ့ | ၁။ ရုရှား ဖယ်ဒရေးရှင်း ရီပတ်ဘလစ် ချက်ညာ<br>၂။ ကိုလမ်ဘီယာ<br>၃။ မြန်မာ<br>၄။ နီပေါလ်<br>၅။ အိုင်ယာလန် မြောက်ပိုင်း<br>၆။ ဖိလစ်ပိုင်<br>၇။ သီရိလင်္ကာ<br>၈။ ဆူဒန်<br>၉။ ယူဂန်ဒါ တို့မှ အဖွဲ့ (၁၈) ဖွဲ့ |
| ၂။ | ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူး၏ လုံခြုံရေးကောင်စီသို့ တင်သွင်းသောလက်နက် ကိုင်ပဋိပက္ခအတွင်း ရှိကလေးများဆိုင်ရာ အစီရင်ခံစာ (၂၀၀၅) | ၁။ ဘူရွန်ဒီ<br>၂။ ကော်ဒီ အိုင်ဗာရီ<br>၃။ ကွန်ဂို ဒီမိုကရက်တစ် ရီပတ်ဘလစ်<br>၄။ ဆိုမာလီယား<br>၅။ ဆူဒန် တို့မှအဖွဲ့ (၂၉) ဖွဲ့ | ၁။ ကိုလမ်ဘီယာ<br>၂။ မြန်မာ<br>၃။ နီပေါလ်<br>၄။ ဖိလစ်ပိုင်<br>၅။ သီရိလင်္ကာ<br>၆။ ယူဂန်ဒါ တို့မှအဖွဲ့ (၁၃)ဖွဲ့ |
| ၃။ | ကုလသမဂ္ဂအထွေ ထွေအတွင်းရေးမှူး၏ လုံခြုံရေးကောင်စီသို့ တင်သွင်းသော လက်နက်ကိုင် ပဋိပက္ခအတွင်း ရှိကလေးများဆိုင်ရာ အစီရင်ခံစာ (၂၀၀၆) | ၁။ ဘူရွန်ဒီ<br>၂။ ကော်ဒီ အိုင်ဗာရီ<br>၃။ ကွန်ဂို ဒီမိုကရက်တစ် ရီပတ်ဘလစ်<br>၄။ မြန်မာ<br>၅။ ဆိုမာလီယား<br>၆။ ဆူဒန် တို့မှအဖွဲ့ (၂၀) ဖွဲ့ | ၁။ ကိုလမ်ဘီယာ<br>၂။ ချက်ဒ်<br>၃။ နီပေါလ်<br>၄။ ဖိလစ်ပိုင်<br>၅။ သီရိလင်္ကာ<br>၆။ ယူဂန်ဒါ တို့မှအဖွဲ့ (၁၂)ဖွဲ့ |



CS-book_outline.indd 23 5/21/2010 11:14:20 AM

| | | | |
|---|---|---|---|
| ၄။ | ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူး၏ လုံခြုံရေးကောင်စီသို့ တင်သွင်းသော လက်နက်ကိုင်ပဋိပက္ခ အတွင်းရှိကလေးများ ဆိုင်ရာ အစီရင်ခံစာ (၂၀၀၇) | ၁။ အာဖဂန်နစ္စတန်<br>၂။ ဘူရွန်ဒီ<br>၃။ စင်ထရယ် အာဖရိကန် ရီပတ်ဘလစ်<br>၄။ ကွန်ဂို ဒီမိုကရက်တစ် ရီပတ်ဘလစ်<br>၅။ မြန်မာ<br>၆။ နီပေါလ်<br>၇။ ဆိုမာလီယာ<br>၈။ ဆူဒန်တောင်ပိုင်း ဒါဖော်တို့မှအဖွဲ့ (၃၀) ဖွဲ့ | ၁။ ချက်ဒ်<br>၂။ ကိုလံဘီယာ<br>၃။ ဖိလစ်ပိုင်<br>၄။ သီရိလင်္ကာ<br>၅။ ယူဂန်ဒါ တို့မှအဖွဲ့ (၁၅)ဖွဲ့ |
| ၅။ | ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူး၏ လုံခြုံရေးကောင်စီသို့ တင်သွင်းသောလက်နက် ကိုင်ပဋိပက္ခအတွင်း ရှိကလေးများဆိုင်ရာ အစီရင်ခံစာ (၂၀၀၉) | ၁။ အာဖဂန်နစ္စတန်<br>၂။ ဘူရွန်ဒီ<br>၃။ စင်ထရယ် အာဖရိကန် ရီပတ်ဘလစ်<br>၄။ ချက်ဒ်<br>၅။ ကွန်ဂို ဒီမိုကရက်တစ် ရီပတ်ဘလစ်<br>၆။ အီရတ်<br>၇။ မြန်မာ<br>၈။ နီပေါလ်<br>၉။ ဆိုမာလီယာ<br>၁၀။ ဆူဒန်တောင်ပိုင်း ဒါဖော်တို့မှအဖွဲ့ (၄၂) ဖွဲ့ | ၁။ ကိုလံဘီယာ<br>၂။ ဖိလစ်ပိုင်<br>၃။ သီရိလင်္ကာ<br>၄။ ယူဂန်ဒါ တို့မှအဖွဲ့ (၈)ဖွဲ့ |



CS-book_outline.indd 24 5/21/2010 11:14:21 AM

## လက်နက်ကိုင်ပဋိပက္ခများကြားရှိ ကလေးများ၏အခွင့်အရေးချိုးဖောက်မှုအပေါ်စောင့်ကြပ်ရေးနှင့် အစီရင်ခံမှုစနစ် (Monitoring and Reporting Mechanism)

လက်နက်ကိုင်ပဋိပက္ခများအတွင်းရှိ ကလေးများ၏ အခွင့်အရေးချိုးဖောက်မှုအပေါ်စောင့်ကြပ်ရေးနှင့် အစီရင်ခံမှုစနစ်ဆိုသည်မှာ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် (၁၆၁၂) အရ ပေါ်ပေါက်လာသော စောင့်ကြပ်ရေးနှင့် အစီရင်ခံရေးလုပ်ငန်းစဉ် (Monitoring and Reporting Mechanism – MRM) တခုဖြစ်သည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး၏ လက်နက်ကိုင်ပဋိပက္ခများကြားရှိ ကလေးများဆိုင်ရာအစီရင်ခံစာထဲတွင်ပါဝင်သည့် အစိုးရနှင့်အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်အမှတ် (၁၆၁၂) တွင် သတ်မှတ်ထားသော ကလေးများအခွင့်အရေးချိုးဖောက်မှုအမျိုးအစား (၆) မျိုးနှင့် ပတ်သက်သည့် ကျူးလွန်သူများကို ဖော်ထုတ်စုံစမ်းခြင်းဖြစ်သည်။ စုံစမ်း၍ရရှိသောသတင်းအချက်အလက်များကို နိုင်ငံအတွင်းတည်ဆောက်ထားသောအစီရင်ခံမှုယန္တယား (Country Task Force) များမှတဆင့် လုံခြုံရေးကောင်စီအလုပ်အဖွဲ့သို့အစီရင်ခံပြီး လုံခြုံရေးကောင်စီက လိုအပ်သလိုဆောင်ရွက်ခြင်း လုပ်ငန်းစဉ်ပင်ဖြစ်သည်။ ထိုသို့ သတင်းများကို စုံစမ်းဖော်ထုတ်ခြင်းသက်သက်သာမကဘဲ နိုင်ငံအစိုးရများနှင့် အစိုးရမဟုတ်သည့် လက်နက်ကိုင် အဖွဲ့အစည်းများက အချိန်ကိုက်လုပ်ဆောင်ပါမည်ဟု ဂတိပြုထားသော လုပ်ငန်းအစီအစဉ်များ အမှန်တကယ်လုပ်ဆောင်ခြင်းရှိ၊ မရှိကိုပါ လေ့လာကြီးကြပ်ခြင်းသည် ဤအစီရင်ခံမှုယန္တယား၏ ထူးခြားချက်ဖြစ်သည်။

ထိုလုပ်ငန်းစဉ်၏ရည်ရွယ်ချက်မှာ တိကျသော၊ “ဓမ္မဓိဋ္ဌာန်ကျသော၊ ခိုင်လုံမှုရှိသော၊ အချိန်ကိုက်ဖြစ်သော သတင်းများ ကို ပံ့ပိုးပေးနိုင်ရန်၊ ပေါ်လစီပိုင်း ဆိုင်ရာတိုးတက်မှုများနှင့် ပရိုဂရမ်များအကြောင်းကို အသိပေးနိုင်ရန်၊ လိုအပ်သည့် တုန့်ပြန်ဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့် လုပ်ဆောင်ရန်၊ အစိုးရများက လုပ်ဆောင်ပါမည်ဟု ဂတိပေးထားသည့် အချက်များကို စောင့်ကြပ်နိုင်ရန်နှင့် နောက်ဆက်တွဲလိုအပ်သလိုလုပ်ဆောင်နိုင်ရန်ဖြစ်သည်။



CS-book_outline.indd 25 5/21/2010 11:14:21 AM

လုပ်ငန်းစဉ်တွင် အဆင့်ဆင့်ရှိသည်ကို တွေ့ရသည်။

ထိုလုပ်ငန်းစဉ်တွင်

- နိုင်ငံတော်အဆင့် စောင့်ကြပ်ရေးနှင့် အစီရင်ခံရေးလုပ်ငန်းအဖွဲ့ (Country Level Working Group)
- လက်နက်ကိုင်ပဋိပက္ခများတွင်းရှိ ကလေးများ၏ အခွင့်အရေးချိုးဖောက်မှုအပေါ်စောင့်ကြပ်ရေးနှင့် အစီရင်ခံမှုစနစ်ဆိုင်ရာ ဦးဆောင်အဖွဲ့ (Steering Committee for the MRM)
- အထွေထွေအတွင်းရေးမှူးချုပ်၏ နှစ်စဉ်အစီရင်ခံစာ (Secretary General's Report)
- လုံခြုံရေးကောင်စီ၏ အလုပ်အဖွဲ့ (The Security Council Working Group)
- လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် (Security Council Resolution)

**နိုင်ငံတော်အဆင့် တာဝန်ယူလုပ်ဆောင်သောအဖွဲ့**
(အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် ILO၊ ကုလသမဂ္ဂကလေးများရံပုံငွေအဖွဲ့UNICEFနှင့် မြန်မာနိုင်ငံရှိ အခြားသော ကုလသမဂ္ဂကိုယ်စားလှယ်လုပ်ငန်းများ)

↓

**အစီရင်ခံမှုစနစ်ဆိုင်ရာ ဦးဆောင်အဖွဲ့**
(ကုလသမဂ္ဂကလေးများရံပုံငွေအဖွဲ့ UNICEFနှင့် အထွေထွေအတွင်းရေးမှူး၏ အထူးကိုယ်စားလှယ်ရုံး)

↓

**အထွေထွေအတွင်းရေးမှူး**

↓

**ကလေးများနှင့်လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ လုံခြုံရေးကောင်စီ၏အလုပ်အဖွဲ့**

↓

**လုံခြုံရေးကောင်စီသို့ အပြည့်အဝ အကြံပြုတိုက်တွန်းခြင်း**



CS-book_outline.indd 26 5/21/2010 11:14:22 AM

## **နိုင်ငံတော်အဆင့် စောင့်ကြပ်ရေးနှင့် အစီရင်ခံရေးလုပ်ငန်းအဖွဲ့** (Country Level Working Group)

ထိုနိုင်ငံတော်အဆင့် စောင့်ကြပ်ရေးနှင့် အစီရင်ခံရေးလုပ်ငန်းအဖွဲ့ကို သက်ဆိုင်ရာနိုင်ငံအတွင်းရှိ ယူနီဆက်အဖွဲ့အပါအဝင် ကုလသမဂ္ဂအေဂျင်စီများဖြင့် ဖွဲ့စည်းထားလေ့ရှိသည်။ နိုင်ငံအတော်များများတွင် အစိုးရမဟုတ်သည့် အဖွဲ့များနှင့် အခြားလူထုအခြေပြုအဖွဲ့များလဲ ပါဝင်လေ့ရှိသည်။ ထိုအလုပ်အဖွဲ့သည် လက်နက်ကိုင်ပဋိပက္ခများအတွင်းရှိ ကလေးအခွင့်အရေးချိုးဖောက်မှုအမျိုးအစား (၆) မျိုးနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို စုဆောင်းသည်။ ထိုသို့စုဆောင်းရာတွင် ထားရှိသည့်မူဝါဒများမှာကလေးများ၏ အကောင်းဆုံးအကျိုးကိုရှေ့ရှုမှု၊ မျက်နှာလိုက်ခြင်းကင်းမှု၊ သမာသမတ်ကျစွာကြားနေမှု၊ လျို့ဝှက်မှုကို ထိမ်းသိမ်းမှု၊ လုံခြုံရေး၊ တိကျမှုနှင့် ခိုင်လုံမှုတို့ကို အလေးပေးကျင့်သုံးရမည်။ ထိုအတွက်ကြောင့် နိုင်ငံတော်အဆင့် လုပ်ငန်းအဖွဲ့များသည် အစိုးရတပ်များနှင့် အစိုးရမဟုတ်သည့် အခြားလက်နက်ကိုင်အဖွဲ့အစည်းများ၏ လုပ်ဆောင်မှုနှစ်မျိုးစလုံးကို လေ့လာစောင့်ကြည့်ရမည်ဖြစ်သည်။ ထိုအဖွဲ့အနေဖြင့် ထိုရရှိသောသတင်းများမှတဆင့် ထိုချိုးဖောက်မှုများကို တားဆီးနိုင်ရန်အတွက် နိုင်ငံအတွင်းရှိ အခြားသက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးနှင့်ပူးပေါင်း၍ နည်းမျိုးစုံဖြင့် ကြိုးပမ်းလုပ်ဆောင်သည်။ တချိန်တည်းမှာပင် ပေါ်လစီပိုင်းနှင့် အခြေအနေပိုင်းဆိုင်ရာသုံးသပ်မှုများကို လုပ်ဆောင်လေ့ရှိသည်။

ရရှိလာသောသတင်းများကို စုဆောင်းယုံတင်သာမက ထိုသတင်းများမှန်ကန်မှုရှိမရှိကိုပါချိန်ကိုက်ရန် နိုင်ငံတော်အဆင့် စောင့်ကြပ်ရေးနှင့် အစီရင်ခံရေးလုပ်ငန်းအဖွဲ့တွင်တာဝန်ရှိသည်။ ပြန်လည်ချိန်ကိုက်၍ သေချာခိုင်လုံမှု ရှိသောသတင်းများကိုသာ တဆင့်ပေးပို့ရသည်။

နိုင်ငံတော်အဆင့် စောင့်ကြပ်ရေးနှင့် အစီရင်ခံရေးလုပ်ငန်းအဖွဲ့သည် လေ့လာတွေ့ရှိရသော လက်နက်ကိုင်ပဋိပက္ခများအတွင်းရှိ ကလေးအခွင့်အရေးချိုးဖောက်မှုအမျိုးအစား (၆) မျိုးနှင့်ပတ်သက်သည့်သတင်းများကို နှစ်လတကြိမ် နယူးယောက်တွင်အခြေစိုက်သည့် လက်နက်ကိုင် ပဋိပက္ခများကြားရှိ ကလေးများ၏အခွင့်အရေးချိုး ဖောက်မှုအပေါ် စောင့်ကြပ်ရေးနှင့် အစီရင်ခံမှုစနစ်ဆိုင်ရာ ဦးဆောင်အဖွဲ့သို့တင်သွင်းရသည်။



CS-book_outline.indd 27 5/21/2010 11:14:23 AM

## လက်နက်ကိုင်ပဋိပက္ခများကြားရှိ ကလေးများ၏အခွင့်အရေးချိုးဖောက်မှုအပေါ် စောင့်ကြပ်ရေးနှင့် အစီရင်ခံမှုစနစ်ဆိုင်ရာဦးဆောင်အဖွဲ့(Steering Committee for the MRM)

နယူးယောက်မြို့တွင် အခြေစိုက်သည့် လက်နက်ကိုင်ပဋိပက္ခများကြားရှိကလေးများ၏အခွင့်အရေးချိုးဖောက်မှုအပေါ် စောင့်ကြပ်ရေးနှင့် အစီရင်ခံမှုစနစ်ဆိုင်ရာ ဦး ဆောင်အဖွဲ့ (Steering Committee on MRM)ကို ယူနီဆက်အဖွဲ့နှင့် အထွေထွေအတွင်းရေးမှူးချုပ်က ခန့်အပ်ထားသော လက်နက်ကိုင် ပဋိပက္ခများနှင့် ကလေးများဆိုင်ရာ အထူးကိုယ်စားလှယ်တို့ဖြင့်ဦးဆောင်ဖွဲ့စည်းထားသည်။ အဖွဲ့ဝင်များအဖြစ် ကုလသမဂ္ဂအေဂျင်စီများပါဝင်သည်။ လက်နက်ကိုင်ပဋိပက္ခများနှင့် ကလေးများဆိုင်ရာ အထူးကိုယ်စားလှယ်ရုံးက နိုင်ငံတော်အဆင့် စောင့်ကြပ်ရေးနှင့် အစီရင်ခံရေးလုပ်ငန်းအဖွဲ့ကပေးပို့သည့် သတင်းအချက်အလက်များကိုလက်ခံသည်။ သို့သော် ရရှိသောသတင်းများကိုလူသိရှင်ကြားထုတ်ပြန်ခြင်းမပြုပါ။ ထိုဦးဆောင်အဖွဲ့သည် စောင့်ကြပ်ရေးနှင့် အစီရင်ခံမှုစနစ်ဆိုင်ရာလုပ်ငန်းစဉ်နှင့်ပတ်သက်၍ လမ်းညွှန်ချက်များကိုပြင်ဆင်သည်။ နိုင်ငံများကပေးပို့လာသည့်အစီရင်ခံစာများကိုလေ့လာ၍ လိုအပ်ချက်များကို ပြန်လည်ညွှန်ကြားသည်။ ထို့ပြင် စောင့်ကြပ်ရေးနှင့် အစီရင်ခံမှုစနစ်ဆိုင်ရာ လုပ်ငန်းနှင့်ပတ်သက်၍ နိုင်ငံအလိုက် တိုးတက်အကောင်အထည်ဖော်လာမှုများကို ဆန်းစစ်သည်။ ထို့နောက် ရရှိလာသော သတင်းများကို အထွေထွေအတွင်းရေးမှူးချုပ်၏ နှစ်စဉ်အစီရင်ခံစာတွင် ဖော်ပြနိုင်အောင်ပေးပို့ရသည်။

စောင့်ကြပ်ရေးနှင့် အစီရင်ခံတင်ပြခြင်းလုပ်ငန်းစဉ်အတွင်းပါဝင်သည့် အစိုးရမဟုတ်သောအဖွဲ့များကို စောင့်ကြပ်ရေးနှင့် အစီရင်ခံမှုစနစ်ဆိုင်ရာ ဦးဆောင်အဖွဲ့က ခေါ်ယူတွေ့ဆုံ၍ နိုင်ငံအတွင်းရှိအခြေအနေများကို စုံစမ်းမေးမြန်းနိုင်သည်။

## အထွေထွေအတွင်းရေးမှူးချုပ်၏နှစ်စဉ်အစီရင်ခံစာ (Secretary General's Report)

အထွေထွေအတွင်းရေးမှူးချုပ်သည် စောင့်ကြပ်ရေးနှင့် အစီရင်ခံမှု စနစ်ဆိုင်ရာဦးဆောင်အဖွဲ့က တင်သွင်းလာသော သတင်းအချက်များကိုအခြေခံ၍ မိမိအစီရင်ခံရန်တာဝန်ရှိသော နိုင်ငံများ၏ လက်နက်ကိုင်ပဋိပက္ခများကြားရှိ ကလေးများ၏အခွင့်အရေးချိုးဖောက်မှုအကြောင်းကိုပြင်ဆင်ပြုစုကာ လုံခြုံရေးကောင်စီ၏အလုပ်အဖွဲ့သို့ တရားဝင်အစီရင်ခံစာတင်သွင်းရသည်။ ထိုအစီရင်ခံစာကို သတ်မှတ်ထားသောကလေးအခွင့်အရေးချိုးဖောက်မှု အမျိုးအစား (၆) မျိုးအလိုက် အစီရင်ခံရခြင်းဖြစ်သည်။



CS-book_outline.indd 28 5/21/2010 11:14:24 AM

## လုံခြုံရေးကောင်စီ၏ အလုပ်အဖွဲ့(The Security Council Working Group)

အထွေထွေအတွင်းရေးမှူးချုပ်၏ ထိုအစီရင်ခံစာနှင့် အကြံပြုချက်များကို လုံခြုံရေးကောင်စီ၏ အလုပ်အဖွဲ့ (The Security Council Working Group) က လက်ခံယူသည်။ ထိုအလုပ်အဖွဲ့တွင် လုံခြုံရေးကောင်စီတွင်တာဝန်ကျနေသောနိုင်ငံ (၁၅) နိုင်ငံမှ ကိုယ်စားလှယ် (၁၅) ဦးပါဝင်သည်။ တွေ့ဆုံရမည့်အချိန်ကို ပုံမှန်သတ်မှတ်ထားခြင်းမရှိသော် လည်းနှစ်လတကြိမ်ခန့် တံခါးပိတ်တွေ့ဆုံလေ့ရှိသည်။ လုံခြုံရေးကောင်စီ၏အလုပ်အဖွဲ့က ကုလသမဂ္ဂအထွေထွေအတွင်းရေး မှူး၏အစီရင်ခံစာကို လေ့လာသုံးသပ်၍ သက်ဆိုင်ရာ အစိုးရ၏ တင်ပြထားသောလုပ်ငန်း အစီအစဉ်များအပေါ် အကောင်အထည်ဖော်မှုများနှင့် တိုးတက်မှုများကို လေ့လာသည်။ အခြားတင်ပြလာသည့် အခြားသတင်းအချက်အလက်များကိုလဲ ထည့် သွင်းစဉ်းစားသည်။ ထိုလေ့လာတွေ့ရှိချက်များအပေါ်အခြေခံ၍ လက်နက်ကိုင်ပဋိပက္ခများတွင် ပါဝင်ပတ်သက် နေသောအဖွဲ့များအပေါ် အကြံပြုချက်များအား လုံခြုံရေးကောင်စီသို့ တင်ပြသည်။

လုံခြုံရေးကောင်စီ၏အလုပ်အဖွဲ့က အကြံပြုတင်သွင်းနိုင်သော ဖြစ်နိုင်သည့်အကြံပြုချက်များမှာ–

- အခင်းဖြစ်ပွားသည့်နိုင်ငံနှင့် နေရာများသို့ သွားရောက်လေ့လာသင့်သည်ဟု အကြံပြုခြင်း၊
- မိမိတို့၏ အမြင်များ၊ ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာအဖွဲ့များ သေသေချာချာ သိရှိစေရန် စာဖြင့်ဖြစ်စေ၊ ကြေညာချက်ဖြင့်ဖြစ်စေ ဆက်သွယ်အကြောင်းကြားခြင်း၊
- ကလေးများအား ကာကွယ်စောင့်ရှောက်ရေး အထူးလုပ်ဆောင်ချက်များကို ကုလသမဂ္ဂငြိမ်းချမ်းရေး ထိမ်းသိမ်းရေးတပ်ဖွဲ့များ၏ လုပ်ပိုင်ခွင့်များထဲတွင် တိုးချဲ့ထည့်သွင်းစေခြင်း၊
- ကမ္ဘာ့ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိမ်းသိမ်းရေးတပ်ဖွဲ့များတွင် ကလေးကာကွယ်စောင့်ရှောက်ရေး အကြံပေးများကို ခန့်အပ်တာဝန်ပေးစေခြင်း၊
- စောင့်ကြပ်မှုလုပ်ငန်းစဉ်များ ချမှတ်တည်ဆောက်ထားသော နိုင်ငံများတွင် ကလေးကာကွယ်စောင့်ရှောက်မှုများကိုအကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန်အတွက်



CS-book_outline.indd 29 5/21/2010 11:14:25 AM

ငွေကြေး ထောက်ပံ့မှုများပေးဖို့ အကြံပြုခြင်း၊

- ❍ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးက သတင်းများကို စောင့်ကြပ်ခြင်းဆိုင်ရာ နည်းပညာ အထောက်အကူများ ပေးအပ်ဖို့ အကြံပေးခြင်း၊
- ❍ အမြင့်ဆုံးလုပ်ဆောင်မှုအနေဖြင့် ပိတ်ဆို့မှုများလုပ်ဆောင်ဖို့အတွက် အကြံပေးခြင်း တို့ဖြစ်သည်။

## လုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက် (Security Council Resolution)

ကုလသမဂ္ဂ၏လုံခြုံရေးကောင်စီက အလုပ်အဖွဲ့၏ အကြံပေးချက်များကို လေ့လာသုံးသပ်၍ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို ချမှတ်လေ့ရှိသည်။ ထို့ပြင် ထိုဆုံးဖြတ် ချက်များနှင့်အကြံပေးချက်များကို ထိုသက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံတော်အဆင့် စောင့်ကြပ်ရေးနှင့် အစီရင်ခံရေးလုပ်ငန်းအဖွဲ့ထံ ပြန်လည်အသိပေးသည်။

## လက်နက်ကိုင်ပဋိပက္ခများကြားရှိ ကလေးများ၏အခွင့်အရေးချိုးဖောက်မှုအပေါ် စောင့်ကြပ်ရေးနှင့် အစီရင်ခံမှု စနစ်တည်ရှိနေသောနိုင်ငံများ

၂၀၀၉ ခုနှစ် စက်တင်ဘာလအထိ လက်နက်ကိုင်ပဋိပက္ခများကြားရှိ ကလေးများ၏အခွင့်အရေးချိုးဖောက်မှုအပေါ် စောင့်ကြပ်ရေးနှင့် အစီရင်ခံမှုစနစ်ကို နိုင်ငံအဆင့် အလုပ်အဖွဲ့အနေဖြင့် တည်ဆောက်ထားနိုင်သော (MRM Task Force) နိုင်ငံ (၁၄) နိုင်ငံရှိသည်။ ၎င်းတို့မှာ ကိုလံဘီယာ၊ ဘရွန်ဒီ၊ ကွန်ဂို၊ စင်ထရယ်အာဖရိက ရီပတ်ဘလစ်၊ ကော်ဒီ အိုင်ဗာရီ၊ ချတ်ဒ်၊ ဆူဒန်၊ ဆိုမာလီယား၊ ယူဂန်ဒါ၊ အီရတ်၊ အာဖဂ္ဂနစ္စတန်၊ နီပေါ၊ မြန်မာ၊ ဖိလိပိုင်၊ သီရိလင်္ကာတို့ဖြစ်သည်။ ထို့ပြင် ဟေတီ၊ သိမ်းပိုက်ခံ ပါလက်စတိုင်းနယ်မြေများနှင့် ထိုင်းနိုင်ငံတို့တွင် လက်နက်ကိုင်ပဋိပက္ခများကြားရှိ ကလေးများ၏ အခွင့်အရေးချိုးဖောက်မှုအပေါ် စောင့်ကြပ်ရေးနှင့် အစီရင်ခံမှုဆိုင်ရာ လုပ်ငန်းအဖွဲ့များ (Working Groups)ကို ထူထောင်ထားသည်။



CS-book_outline.indd 30 5/21/2010 11:14:26 AM

**အထွေထွေအတွင်းရေးမှူး၏အမည်စာရင်းတွင် ပါဝင်နေသောလက်နက်ကိုင်အဖွဲ့ကို ပြန်လည်ထုတ်ပယ်နိုင်ပါသလား။**

ထုတ်ပယ်နိုင်ပါသည်။ အမည်စာရင်းတွင်ပါဝင်နေသော လက်နက်ကိုင်အဖွဲ့တဖွဲ့ဖွဲ့ကို ကုလသမဂ္ဂ၏နိုင်ငံတော်အဆင့်အဖွဲ့ဝင်များက ထိုသို့လုပ်ဆောင်နေမှုများရပ်တံ့သွားသည့်အတွက် ထိုအဖွဲ့ကိုအမည်စာရင်းမှဖယ်ထုတ်ရန် လက်နက်ကိုင်ပဋိပက္ခအတွင်းရှိ ကလေးများနှင့်ပတ်သက်၍ လုပ်ဆောင်နေသော ကုလသမဂ္ဂရုံးချုပ်အဆင့်တွင်ရှိသောအေဂျင်စီများနှင့် လုံခြုံရေးကောင်စီအလုပ်အဖွဲ့သို့ အကြံပြုတင်သွင်းနိုင်သည်။ ထိုအဖွဲ့များကတဆင့် အထွေထွေအတွင်းရေးမှူးချုပ်ထံ အမည်ပယ်ဖျက်ပေးရန်နောက်ဆုံးအကြံပြုနိုင်သည်။ အမည်စာရင်း ပယ်ဖျက်ပြီးသော်လည်း နိုင်ငံတော်အဆင့် အလုပ်အဖွဲ့များသည် ထိုအဖွဲ့၏ ကလေးသူငယ်နှင့် ပတ်သက်သည့် လုပ်ဆောင်မှုအခြေ အနေများကိုဆက်လက် လေ့လာစောင့်ကြပ်နိုင်သေးသည်။

**လုပ်ငန်းစဉ်တွင် အစိုးရမဟုတ်သောအဖွဲ့အစည်းများပါဝင်နိုင်မှု ဘာကြောင့်လိုအပ်သလဲ။**

အစိုးရမဟုတ်သည့် အဖွဲ့အစည်းများသည် ဤစောင့်ကြပ်ရေးလုပ်ငန်းစဉ်အောင်မြင်အောင် နည်းပေါင်းစုံဖြင့် အကျိုးပြုနိုင်သည်။ ရပ်ရွာလူထုများထဲတွင် လုပ်ကိုင်ဆောင်ရွက်နေသောရင်းတို့၏ လုပ်ငန်းအစီအစဉ်များမှတဆင့် ကလေးများ၏အခွင့်အရေးချိုးဖောက်မှုသတင်းများကို နီးနီးစပ်စပ်သိရှိလက်ခံနိုင်သည်။ အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခဒေသများနှင့် ဆက်စပ်နေသောနေရာများတွင် အထောက်အကူပြုအကူအညီများပေးအပ်နေသည့် အဖွဲ့များသည် ထိုသို့သောသတင်းများကို အလွယ်တကူရရှိနိုင်သည်။ ထို့ပြင် ထိုအဖွဲ့များသည် ရပ်ရွာလူထုအတွင်း ကလေးများအပေါ် ကာကွယ်စောင့်ရှောက်မှုလုပ်ဆောင်နေသော လူထုအခြေပြုအဖွဲ့များနှင့် ပူးပေါင်းသည့်ကွန်ယက်များကို တည်ဆောက်ထားလေ့ရှိသည်။ ထိုကွန်ယက်များ၏ အဆက်အသွယ်ဖြင့် ကလေးများ၏ အခြေအနေကိုစောင့်ကြပ်မှုများ သတင်းပေးမှုများကို အလွယ်တကူလုပ်ဆောင်နိုင်မည်ဖြစ်သည်။

တချို့သောအဖွဲ့အစည်းများသည် ရပ်ရွာလူထုအတွင်း လူထု၏ ယုံကြည်မှုများကိုရရှိထားပြီးဖြစ်သည်။ ထိုအဖွဲ့မျိုးအတွက် အခြားအဖွဲ့များသိရှိရန် ခက်ခဲသည့်သတင်းမျိုးကိုရရှိရန် မခက်ခဲတော့ပေ။ လူထု၏ယုံကြည်ကိုးစားမှု ရရှိပြီးသောအဖွဲ့များအနေဖြင့် ထို



CS-book_outline.indd 31 5/21/2010 11:14:27 AM

သတင်းမျိုးများမှတဆင့် အခြေအနေမှန်ကို သိရှိလေ့လာအကဲခတ်နိုင်စွမ်းများ ရှိသည်။

ကလေးအခွင့်အရေးများနှင့်ပတ်သက်၍ နှစ်ရှည်လများကြာ လုပ်ဆောင်လာသည့်အဖွဲ့အစည်းများတွင် လိုအပ်သည့် အချိန်တွင် သင့်လျော်စွာတုန့်ပြန်ဆောင်ရွက်နိုင်စွမ်းရှိသည့်အတွေ့အကြုံနှင့်အရည်အချင်းများစွာရှိတတ်ကြသည်။ စောင့်ကြပ်ရေးလုပ်ငန်းစဉ်မှရရှိလာသောကလေးများကို အောက်ခြေရပ်ရွာအဖွဲ့အစည်းများအတွင်း မည်ကဲ့သို့ကိုင်တွယ်ဖြေရှင်းနိုင်မည်ဟူသော အကြံဉာဏ်များကို ထိုအဖွဲ့အစည်းများ၏ အတွေ့အကြုံများအပေါ်အခြေခံရယူကာ လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ထိလွယ်ရှလွယ်သောအမှုမျိုးကို မည်ကဲ့သို့ကိုင်တွယ်ရမည်ဆိုသည်အချက်မှစ၍ ကလေးများအပေါ် ကာကွယ်စောင့်ရှောက်သည့် ထိရောက်သောပေါ်လစီများ ချမှတ်သည့်နေရာများ၊ နိုင်ငံတကာလှုံ့ဆော်မှုများလုပ်ဆောင်သည့်နေရာများတွင် ထိုအဖွဲ့အစည်းများ၏ အတွေ့အကြုံများက အထူးအကျိုးပြုစေနိုင်သည်။

နောက်ထပ်တချက်မှာ အစိုးရမဟုတ်သောအဖွဲ့အစည်းများသည် အစိုးရများနှင့် အခြားလက်နက်ကိုင်အဖွဲ့အစည်းများ၏ လူ့အခွင့်အရေးချိုးဖောက်မှုနှင့်ပတ်သက်၍ နိုင်ငံတကာတွင် လှုံ့ဆော်ရာတွင် ကုလသမဂ္ဂအေဂျင်စီများထက် အနှောင်အဖွဲ့မရှိ လျင်လျင်မြန်မြန်လုပ်ဆောင်နိုင်ခြင်းပင်ဖြစ်သည်။ ထိုသို့လုပ်ဆောင်နိုင်ခြင်းကြောင့် နိုင်ငံတကာစည်းရုံးလှုံ့ဆော်မှုအပိုင်းတွင် ထိရောက်မှုပိုရှိသည်ကိုတွေ့ရသည်။

ထိုအတွက်ကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အပိုဒ် –၂ (ခ)တွင် ဤစောင့်ကြပ်မှုယန္တယားသည် နိုင်ငံတော်အဆင့်အပါအဝင်နေရာတိုင်းတွင် အစိုးရများ၊ အခြားသင့်လျော်ရာ ကုလသမဂ္ဂအေဂျင်စီများနှင့် လူထုအခြေပြုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများလုပ်ဆောင်ရမည်ဟု ဖော်ပြထားခြင်းဖြစ်သည်။

## လုပ်ငန်းစဉ်တွင် အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေပါဝင်နိုင်မှု

အဖွဲ့များအနေဖြင့် ပါဝင်ကူညီလုပ်ဆောင်နိုင်မည့် နည်းလမ်းအမျိုးမျိုးရှိပါသည်။ အစိုးရမဟုတ်သောအဖွဲ့အနေဖြင့် နိုင်ငံတော်အဆင့်အလုပ်အဖွဲ့၏ ဥက္ကဌ သို့မဟုတ် တာဝန်ရှိသူများထံ သတင်းအချက်အလက်များပုံမှန်ပို့နိုင်သည်။ ထိုအချက်များသည် ဆုံးဖြတ်ချက်အမှတ် (၁၆၁၂) တွင်ဖော်ပြထားသည့်အချက်များနှင့် ကိုက်ညီမှုရှိပြီး မိမိလုပ်ဆောင်နေသောနေရာဒေသများမှ ရရှိသည့်သတင်းများဖြစ်ရမည်။ ထို့ပြင် အလုပ်အဖွဲ့



CS-book_outline.indd 32 5/21/2010 11:14:28 AM

ကရရှိသောသတင်းများမှန်၊ မမှန်ကိုပြန်လည်စုံစမ်းရာတွင် လိုအပ်သော သတင်းအချက်အလက်များကို ထပ်မံပံ့ပိုးခြင်းများကို လုပ်ဆောင်ခြင်းဖြင့်လည်း ကူညီနိုင်ပါသည်။

ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေသောအဖွဲ့များအနေဖြင့် စောင့်ကြပ်ရေးလုပ်ငန်းစဉ်အရ စုံစမ်းရရှိသည့် ကလေးများကို မိမိတို့ကူညီရေးအစီအစဉ်များတွင်ထည့်သွင်း၍ ကူညီစောင့်ရှောက်ပေးနိုင်ပါသည်။ နောက်တဆင့်အနေဖြင့် လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်ရေးအတွက် နိုင်ငံတကာလှုံ့ဆော်မှုများဖြင့်ကြိုးပမ်းဆောင်ရွက်ရာတွင်လဲ ပါဝင်နိုင်သည်။ အကယ်၍ နိုင်ငံတော်အဆင့်အလုပ်အဖွဲ့တွင် အစိုးရမဟုတ်သည့် အဖွဲ့များပါဝင်နေပါက ထိုအဖွဲ့များသည် ကလေးများအတွက်အမှန်တကယ်အကျိုးရှိသည့် လုပ်ငန်းစဉ်များနှင့် ဆုံးဖြတ်ချက်များ ပေါ်ထွန်းရေးဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်လာနိုင်စေနိုင်ရန် ပါဝင်လုပ်ဆောင်နိုင်ပါသည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများသည် နိုင်ငံတော်အဆင့်အလုပ်အဖွဲ့များတွင် ပါဝင်ခြင်းမရှိဘဲ စောင့်ကြပ်ရေး လုပ်ငန်းစဉ်တွင် ပါဝင်နိုင်ပါသည်။ အခြားနိုင်ငံများတွင် ထူထောင်ခဲ့သောလုပ်ငန်းစဉ်၏နိုင်ငံတော်အလုပ်အဖွဲ့များထဲတွင် အစိုးရမဟုတ်သည့်အဖွဲ့များသည် အကြောင်းအမျိုးမျိုးကြောင့် မပါဝင်နိုင်ခဲ့ကြပါ။ သို့သော် လုပ်ငန်းစဉ်အတွက် အကျိုးပြုဆောင်ရွက်ခဲ့သည့် အစဉ်အလာများရှိခဲ့ပါသည်။ နိုင်ငံတော်အဆင့်အလုပ်အဖွဲ့တွင်ပါဝင်သောအဖွဲ့ဝင်များသည် အဖွဲ့ဝင်မဟုတ်သည့်အဖွဲ့များကို ဆက်သွယ်၍ရရှိသော သတင်းအချက်အလက်များကို ပြန်လည်ဆန်းစစ်မှုများလုပ်ဆောင်ခဲ့ကြရသည်။ နိုင်ငံတော်အဆင့်အလုပ်အဖွဲ့များတွင် အစိုးရမဟုတ်သည့်အဖွဲ့များမပါဝင်ရသည့်အကြောင်း အမျိုးမျိုးရှိနေတတ်သည်။ ဥပမာ– လုပ်ကိုင်နိုင်သည့် စွမ်းရည်များအကန့်အသတ်ရှိခြင်း၊ အဖွဲ့ဝင်ဖြစ်ပါကကြုံတွေ့ရနိုင်သည့် လုံခြုံရေးအခြေအနေများရှိခြင်း၊ အဖွဲ့၏ဦးတည်ရည်မှန်းချက်များနှင့် ကိုက်ညီမှုမရှိခြင်းစသည့် အကြောင်းများဖြစ်လေ့ရှိသည်။ ထိုအတွက်ကြောင့် နိုင်ငံတော်အဆင့်အလုပ်အဖွဲ့၏ လုပ်ဆောင်မှု အရည်အသွေးနှင့် အစိုးရမဟုတ်သည့်အဖွဲ့များ၏ပါဝင်မှုများကို အဖွဲ့တွင်ပါဝင်သည့် အစိုးရမဟုတ်သည့်အဖွဲ့ အရေအတွက်တခုထဲနှင့် တိုင်းတာတွက်ဆ၍မရနိုင်ပေ။

အစီရင်ခံခြင်းနှင့် စောင့်ကြပ်ခြင်းလုပ်ငန်းစဉ်တွင် အစိုးရမဟုတ်သည့်အဖွဲ့များပါဝင်သည့်ပုံစံများမှာ တနိုင်ငံနှင့်တနိုင်ငံမတူဘဲ ကွဲပြားလေ့ရှိသည်။ နိုင်ငံတခုချင်း၏နိုင်ငံရေးအနေအထား၊ လုံခြုံရေးအခြေအနေ၊ ဝန်ထမ်းများ၏ လုပ်ဆောင်နိုင်စွမ်းအကန့်အသတ်နှင့် လုပ်ဆောင်နိုင်သည့်လုပ်ငန်းများအပေါ် ငွေကြေးထောက်အပံ့များ မတူညီကွဲပြားနေသော



CS-book_outline.indd 33 5/21/2010 11:14:29 AM

ကြောင့် ထိုသို့မတူကွဲပြားခြင်းများဖြစ်တတ်သည်။ အစိုးရမဟုတ်သည့်အဖွဲ့များပါဝင်နိုင်မှုကိုစဉ်းစားတော့မည်ဆိုပါက ထိုအချက်များကို မဖြစ်မနေ ထည့်သွင်းစဉ်းစားရတော့မည်ဖြစ်သည်။ တချို့နိုင်ငံအခြေအနေမျိုး ဥပမာ ဆူဒန်နှင့် သီရိလင်္ကာနိုင်ငံရှိ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများသည် လက်နက်ကိုင်ပဋိပက္ခဖြစ်နေသောနေရာများတွင် အကူအညီထောက်ပံ့ပေးမှုများလုပ်ဆောင်နေသောကြောင့် လုပ်ငန်းစဉ်ထဲတွင် သူတို့ပါဝင်လာပါက သူတို့အတွက် အန္တရာယ်များကျရောက်စေနိုင်သည့် အဖြစ်မျိုးလည်းရှိသည်။ ထို့အတွက်ကြောင့် ထိုအဖွဲ့မျိုးသည် အစီရင်ခံခြင်းနှင့် စောင့်ကြပ်ခြင်းလုပ်ငန်းစဉ်ယန္တယားတွင် မပါဝင်ရန် ငြင်းဆိုခဲ့ကြသည်။

အစိုးရမဟုတ်သည့်အဖွဲ့များအနေဖြင့် ဤလုပ်ငန်းစဉ် ယန္တယားတွင်မပါဝင်လိုသည့်အများဆုံးအချက်မှာ သူတို့အပေါ် အန္တရာယ်များကျနိုင်သော အချက်ကြောင့်ပင်ဖြစ်သည်။ ယန္တယားတွင်ပါဝင်သည့်အတွက်ကြောင့် လက်နက်ကိုင်အဖွဲ့များက သူတို့၏ဝန်ထမ်းများနှင့် လုပ်ငန်းများအပေါ် လက်တုန့်ပြန်ခြင်း၊ နှောက်ယှက်ခြင်း၊ တိုက်ခိုက်ခြင်းများ ဖြစ်ပွားလာနိုင်သောကြောင့် အဖွဲ့တော်တော်များများကပါဝင်ရန် ငြင်းဆိုလေ့ရှိကြသည်။ အထူးသဖြင့် ဝန်ထမ်းများနှင့် လုပ်ငန်းလုံခြုံရေးနှင့်ပတ်သက်၍ တာဝန်ယူသည့်အစီအစဉ်နည်းပါးသော သို့မဟုတ် တာဝန်မယူနိုင်သောအဖွဲ့များအတွက် ပိုမိုစိုးရိမ်စရာကောင်းသဖြင့် မပါဝင်နိုင်သည်ကို လေ့လာတွေ့ ရှိရသည်။

ထို့ပြင် ထိုစောင့်ကြပ်မှုလုပ်ငန်းစဉ် ယန္တယားများမှရရှိသည့် သတင်းအချက်အလက်များကို လုံခြုံရေးကောင်းစွာမှ နိုင်ငံရေးအရ အရေးယူဆောင်ရွက်မှုများ ဖြစ်လာစေရန်လုပ်ဆောင်ရသည့်အတွက် အချို့အဖွဲ့အစည်းများ၏ ရည်မှန်းချက်မူဝါဒများနှင့် မကိုက်ညီနိုင်သည့်အဖြစ်မျိုးလဲ ရှိတတ်သည်။ အချို့အဖွဲ့အစည်းများတွင် လူသားချင်းစာနာသောအကူအညီ သက်သက်ကိုသာလုပ်ဆောင်မည်ဆိုသော ဦးတည်ချက်များချမှတ်ထား သည့်အတွက် ဤယန္တယား၏ လုပ်ထုံးလုပ်နည်းများနှင့် အကျိုးဆက်များသည် ထိုအဖွဲ့များ၏ မူလဦးတည်ချက်များနှင့် ကွဲလွဲသွားတတ်သည်။

ထို့အပြင် ကုလသမဂ္ဂနှင့် ဒေသခံအစိုးရမဟုတ်သည့် အဖွဲ့များအကြား အမြင်ကွဲပြားမှုကလည်း ထိုအဖွဲ့များ၏ ပါဝင်မှုကို ဟန့်တားစေသည့်အချက်တချက်ဖြစ် နိုင်သည်။ ဒေသခံအဖွဲ့များက ဤယန္တယားသည် လို့ဝှက်လွန်းပြီး အလုပ်အဖွဲ့၏ လုပ်ဆောင်နေမှုများနှင့် အောင်မြင်မှုများကို အချိန်နှင့်တပြေးညီမသိရှိနိုင်အောင် ဟန့်တားနေသည်ဟုမြင်ကြသည်။ တချို့က ထိုလုပ်ငန်းစဉ်ယန္တယားသည် ကုလသမဂ္ဂကနေ၍ ကမကထလုပ်ဆောင်

သော လုပ်ငန်းအဖြစ်သာဖြစ်ပြီး အစိုးရမဟုတ်သည့်အဖွဲ့များ ပါဝင်နိုင်ခြင်းမရှိဟု ထင်မြင်တတ်ကြ၏။

အမှန်တကယ်ဆိုရလျှင် ဤလုပ်ငန်းစဉ်ယန္တယားသည် အစိုးရများ၊ ကုလသမဂ္ဂ အေဂျင်စီများနှင့် အခြားလူထုအခြေပြုအဖွဲ့များအားလုံး ပူးပေါင်းလုပ်ဆောင်ရမည့် ယန္တယားဖြစ်ကြောင်း အတိအလင်းဖော်ပြထားပြီးသားဖြစ်သည်။ အစိုးရမဟုတ်သောအဖွဲ့များနှင့် လူထုအခြေပြုသောအဖွဲ့အစည်းများသည် ဤယန္တယား၏ အချက်အလက်စုဆောင်းမှု၊ အစီရင်ခံမှုနှင့် ကလေးများ၏အခွင့်အရေးချိုးဖောက်ခံရမှုများအပေါ် တုန့်ပြန်ဆောင်ရွက်မှုများအတွက် အရေးကြီးသော အခန်းကဏ္ဍက ပါဝင်နိုင်စွမ်းရှိပါသည်။

အစိုးရမဟုတ်သောအဖွဲ့များအနေဖြင့်

- နိုင်ငံတော်အဆင့်အလုပ်အဖွဲ့များသို့ ချိုးဖောက်မှုသတင်းများကို တင်သွင်းနိုင်သည်။
- အလုပ်အဖွဲ့များနှင့် ပူးပေါင်းလုပ်ဆောင်၍ သတင်းအချက်အလက်များ မျှဝေနိုင်သည်။
- အလုပ်အဖွဲ့အနေဖြင့် သတင်းများကိုစီစစ်နိုင်ရန်အတွက် ကူညီဆောင်ရွက်ပေးနိုင်သည်။
- တွေ့ရှိရသောချိုးဖောက်ခံရမှုများအတွက် ပရိဂရမ်များမှတဆင့် အကူအညီပေးနိုင်သည်။
- စည်းရုံးလှုံ့ဆော်ရေးအတွက် နည်းဗျူဟာများကို ကူညီရေးဆွဲပေးနိုင်သည်။
- ဆုံးဖြတ်ချက်များချမှတ်ရာတွင် ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးနိုင်သည်။

## မြန်မာနိုင်ငံတွင်ဖြစ်ပျက်ခဲ့သော အထက်ပါကလေးအခွင့်အရေးချိုးဖောက်မှု (၆) မျိုးနှင့် ပတ်သက်၍သတင်းများပေးလိုပါက

**KHRG**

*Matt Finch, Research and Advocacy Coordinator,*

*matt@khrg.org*

*Chantal, Child Rights Researcher, Chantal@khrg.org*

*KHRG Office Phone: 0852685519*

**HREIB**

*Pan Tsun, Child Rights Coordinator,*

*childrights.hreib@gmail.com*

*HRIEB Office Phone: 053120422*

***For communication with the Thailand Working Group:***

**JRS**
*Jennifer Titmuss, Project Director,*

*jennifer@jrs.or.th*

*JRS Office Phone: 0822277835*

***For submission of cases for MRM verification:***

**UNICEF** (for submissions where victim is out of camp)
*Amanda Bissex, Chief of Child Protection,*

*abissex@unicef.org*

*James Gray, Child Protection Officer,*

*jgray@unicef.org*

**UNHCR** (for submissions where victim is in camp)

*Patrick Hurley, Associate Protection Officer, hurley@unhcr.org*



CS-book_outline.indd 36 5/21/2010 11:14:31 AM